Panasonic®

မော်ဒယ်နံပါတ် : TH-32H410S

# အသုံးပြုပုံလမ်းညွှန်ချက်များ

## အယ်လ်အီးဒီတီဗွီ



ဒိုဘီ ဓာတ်ခွဲခန်းများမှလိုင်စင်ရထုတ်လုပ်ထားသည်။ဒိုဘီ၊ဒိုဘီအော်ဒီယို နှင့်double-D သင်္ကေတများသည်ဒိုဘီဓာတ်ခွဲခန်းများ၏ထုတ်ကုန်အမှတ်တံဆိပ်များဖြစ်သည်။

HDMI ၏ထုတ်ကုန်အမှတ်တံဆိပ်များ၊ HDMIအရည်အသွေးမြင့်ရုပ်သံကြားခံဆက်သွယ်ရေးနှင့် HDMI တံဆိပ်တို့သည်အမေရိကန်ပြည်ထောင်စု နှင့်အခြားနိုင်ငံများရှိလိုင်စင်စီမံခန့်ခွဲ မှုကော်ပိုရေးရှင်း၏ကုန်အမှတ်တံဆိပ်များ(သို့) မှတ်ပုံတင်ထားသောကုန်အမှတ်တံဆိပ်များဖြစ်သည်။

ဤပန်နာဆိုးနစ် ထုတ်ကုန်ကိုဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ပါသည်။
ဤထုတ်ကုန်ကိုအသုံးမပြုမီလမ်းညွှန်ချက်များကိုသေချာစွာဖတ်၍နောင်တွင်ပြန်လည်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

ဒေါင်လိုက်အနေအထားဖြင့်သယ်ယူပို့ဆောင်ပါ။

မြန်မာ

# မာတိကာ


## အခန်း၁ ။ နိဒါန်း

အရေးကြီးသတိပေးချက် .......... ၃
အသုံးပြုသည့်ပတ်ဝန်းကျင် .......... ၄
တီဗွီကိုသန့်ရှင်းခြင်း .......... ၄
တီဗွီကိုနံရံတွင်ချိတ်ခြင်း .......... ၄
သတိပေးချက် .......... ၄
သင်္ကေတများ .......... ၆
အဝေးထိန်းခလုတ်ကိုအသုံးပြုခြင်းအတွက်ကြိုတင်သတိပေးချက် .......... ၆
စံပြုတွဲဖက်ပစ္စည်းများ .......... ၇
ရွေးချယ်၍ရသောတွဲဖက်ပစ္စည်းများ .......... ၇
စားပွဲတင်ဒေါက်တပ်ဆင်ခြင်း .......... ၈
တီဗွီ၏ထိန်းချုပ်မှုခလုတ်များ .......... ၉
အဝေးထိန်းခလုတ်၏ဓာတ်ခဲများကိုတပ်ခြင်း၊ဖြုတ်ခြင်း .......... ၁၁
အဝေးထိန်းခလုတ် .......... ၁၁

## အခန်း၂ ။ တီဗွီကိုကြည့်ရှုခြင်း

တီဗွီကိုဖွင့်ခြင်း(သို့)ပိတ်ခြင်း .......... ၁၂
ချိတ်ဆက်ထားသည့်စက်ကိုရွေးချယ်ခြင်း .......... ၁၂
ရုပ်သံလိုင်းရွေးချယ်ခြင်း .......... ၁၂
မိန်းမီနူးအသုံးပြုခြင်း .......... ၁၂
ရုပ်ပုံမီနူးအသုံးပြုခြင်း .......... ၁၂
အသံမီနူး .......... ၁၃
တိုင်မာမီနူး .......... ၁၄
ချိန်ညှိနိုင်သောမီနူး .......... ၁၄
မကြည့်ရှုရန်၊မဖွင့်နိုင်ရန်သုံးသောမီနူး .......... ၁၅
ရုပ်သံလိုင်းမီနူး .......... ၁၅

## အခန်း၃ ။ မီဒီယာရုပ်သံများကိုပြန်၍ဖွင့်နိုင်သောဆော့ဝဲပြင်ဆင်ခြင်း

မီဒီယာကိုအသုံးပြုခြင်း .......... ၁၆
ဓာတ်ပုံထိန်းချုပ်မှုမီနူး .......... ၁၆
ရုပ်ရှင်ထိန်းချုပ်မှုမီနူး .......... ၁၆
သီချင်းထိန်းချုပ်မှုမီနူး .......... ၁၇

## အခန်း၄ ။ နည်းပညာဆိုင်ရာအချက်အလက်များ

မီဒီယာရုပ်သံများကိုပြန်၍ဖွင့်နိုင်သောဆော့ဝဲတွင်ပါဝင်သောဖိုင်တွဲပုံစံ .......... ၁၈
တီဗွီကိုပြုပြင်ထိန်းသိမ်းခြင်း .......... ၂၀
ပြဿနာဖြေရှင်းခြင်း .......... ၂၀
အသေးစိတ်အချက်အလက်များ .......... ၂၁


### မှတ်ချက်

၁။ ဤလမ်းညွှန်စာအုပ်ရှိဒီဇိုင်းပုံများသည်ကိုးကားရန်အတွက်သာဖြစ်သည်။

၂။ သင့်တီဗွီသည်ဤလမ်းညွှန်စာအုပ်တွင်ပြထားသောတီဗွီနှင့်အနည်းငယ်ကွဲပြားနိုင်ပါသည်။

၃။ ဒီဇိုင်းများနှင့်အသေးစိတ်အချက်အလက်များသည်ကြော်ငြာထားခြင်းမရှိဘဲနှင့်လည်းပြောင်းလဲနိုင်ပါသည်။

၄။ လျှပ်ငြိမ်ကြောင့်ခြောက်သွေ့သောပတ်ဝန်းကျင်တွင်တီဗွီသည်အသစ်မှပြန်စ၍ပင်မအိုအက်စ်ဒီ(OSD) ကြားခံစနစ်ယူအက်စ်ဘီ(USB) ပြစက်ကြားခံစနစ်(သို့)ယခင်ပင်မ ကြားခံစနစ်သို့ပြန်သွားပါသည်။ဤသို့ဖြစ်ခြင်းသည်ပုံမှန်သာဖြစ်သောကြောင့်တီဗွီကိုဆက်လက်အသုံးပြုပါ။

# နိဒါန်း

## ⚠ အရေးကြီးသတိပေးချက်

### လျှပ်စစ်ပလပ်ခေါင်းနှင့်မီးကြိုးကိုင်တွယ်ခြင်း

လျှပ်စစ်ပလပ်ခေါင်းကိုပလပ်ခုံတွင်သေချာထိုးထည့်ပါ။(အကယ်၍ပလပ်ခေါင်းချောင်နေပါကအပူထွက်လာပြီးမီးလောင်နိုင်ပါသည်။)
လျှပ်စစ်ပလပ်ခေါင်းကိုအလွယ်တကူလက်လှမ်းမှီသောနေရာတွင်ထားပါ။
ပလပ်ခေါင်းကိုရေစိုသောလက်ဖြင့်မထိပါနှင့်။(လျှပ်စစ်ရှော့ခ်ဖြစ်နိုင်ပါသည်။)
ဤတီဗွီအတွက်ပေးထားသောမီးကြိုးမှလွဲ၍အခြားမီးကြိုးကိုမသုံးပါနှင့်။(မီးလောင်ခြင်း(သို့)လျှပ်စစ်ရှော့ခ်ဖြစ်နိုင်ပါသည်။)
မီးကြိုးကိုမပျက်စီးပါစေနှင့်။ (မီးကြိုးပျက်စီးပါကမီးလောင်ခြင်း(သို့)လျှပ်စစ်ရှော့ခ်ဖြစ်နိုင်ပါသည်။)

- တီဗွီကိုပလပ်ခုံတွင်ပလပ်ထိုးလျက်မရွှေ့ပါနှင့်။
- မီးကြိုးပေါ်တွင်လေးလံသောအရာဝတ္ထုများကိုတင်ခြင်း၊ မီးကြိုးကိုအပူချိန်မြင့်သောအရာဝတ္ထုအနားတွင်ထားခြင်းမပြုပါနှင့်။
- မီးကြိုးကိုလိမ်ခြင်း၊အလွန်အကျွံကွေးခြင်း(သို့)ဆွဲဆန့်ခြင်းမပြုပါနှင့်။
- မီးကြိုးကိုမဆွဲပါနှင့်။ မီးကြိုးကိုဖြုတ်သည့်အခါလျှပ်စစ်ပလပ်ခေါင်းကိုယ်ထည်ကိုကိုင်ထားပါ။
- ပျက်စီးနေသောလျှပ်စစ်ပလပ်ခေါင်း(သို့)ပလပ်ပေါက်ကိုအသုံးမပြုပါနှင့်။

**အကယ်၍မှုမမှန်ခြင်းဖြစ်ပါကပလပ်ခေါင်းကိုချက်ချင်းဖြုတ်ပါ။**



**၁၀၀–၂၄၀ဗို့ ~ ၅၀–၆၀ဟတ်စ်**



- လျှပ်စစ်ပလပ်ခေါင်းအမျိုးအစားသည်နိုင်ငံတစ်ခုနှင့်တစ်ခုကြားကွဲပြားနိုင်ပါသည်။

### ရှိရမည့်လျှပ်စစ်ပမာဏ

- ဤတီဗွီသည်
  - ၁၀၀–၂၄၀ဗို့ ~ ၅၀–၆၀ဟတ်စ်
  - စားပွဲတင်သုံး / နံရံကပ်သုံးအတွက်ဒီဇိုင်းပြုလုပ်ထားပါသည်။

### တီဗွီကိုပြင်ပဗို့အားထိန်းညှိစက်ဖြင့်အသုံးမပြုပါနှင့်။

- အရည်အသွေးနိမ့်သော ထိန်းညှိစက်သည်တီဗွီကိုပျက်စီးစေနိုင်ပါသည်။
- အကယ်၍ထိန်းညှိစက်ကို အသုံးပြုပါကအာမခံသည်တရားမဝင်ပါ။

### တီဗွီအဖုံးများကိုမဖယ်ပါနှင့်။တီဗွီကိုကိုယ်တိုင်ဘယ်သောအခါမှပြုပြင်ခြင်းမလုပ်ပါနှင့်။

- တီဗွီ၏အနောက်ဘက်အဖုံးကိုဖယ်ရှားလိုက်သည့်အခါအစိတ်အပိုင်းများသည်လျှပ်စစ်စီးဝင်နိုင်သောကြောင့်အနောက်ဘက်အဖုံးကိုမဖြုတ်ပါနှင့်။တီဗွီအတွင်းတွင်သုံးစွဲသူကိုယ်တိုင်ပြုပြင်နိုင်သောအစိတ်အပိုင်းများမပါဝင်ပါ။(ဗို့အားမြင့်သောကွန်ပို့နန့်များသည်လျှပ်စစ်ရှော့ခ်ဖြစ်နိုင်ပါသည်။)
- တီဗွီကိုပန်နာဆိုးနစ်အရောင်းကိုယ်စားလှယ်နှင့်စစ်ဆေးခြင်း၊ချိန်ညှိခြင်း(သို့)ပြင်ဆင်ခြင်းပြုလုပ်ပါ။
- ကိရိယာကိုတပ်ဆင်ခြင်း(သို့)အသုံးပြုခြင်းမပြုလုပ်မီ လျှပ်စစ်နှင့်ဘေးကင်းလုံခြုံရေးအချက်အလက်များအတွက်တီဗွီ၏နောက်ကျောတွင်ပူးတွဲပါရှိသောအချက်အလက်များကိုကိုးကားပါ။
- လျှပ်စစ်ပလပ်ခေါင်းအားဖြတ်တောက်ပစ္စည်းအဖြစ်အသုံးပြုပြီးဖြတ်တောက်ပစ္စည်းသည်အလွယ်တကူအသုံးပြုနိုင်ရမည်။

### တီဗွီကိုမိုးရေ(သို့)လွန်ကဲသောအစိုဓာတ်နှင့်မထိတွေ့ပါစေနှင့်။

- လျှပ်စစ်ရှော့ခ်(သို့)မီးလောင်ခြင်းအန္တရာယ်မှကာကွယ်ရန်ဤတီဗွီကိုမိုးရေ(သို့)လွန်ကဲသောအစိုဓာတ်တို့နှင့်မထိတွေ့ပါစေနှင့်။ဤတီဗွီကိုရေတစ်စက်စက်ကျခြင်းရေဖိတ်စင်ခြင်းမရှိပါစေနှင့်။တီဗွီ၏အပေါ်တွင်ပန်းအိုးများကဲ့သို့ရေဖြည့်ထားသောပစ္စည်းများမတင်ပါနှင့်။

### တီဗွီထဲသို့ပြင်ပအရာဝတ္ထုများကိုမထိုးထည့်ပါနှင့်။

- တီဗွီထဲသို့လေဝင်လေထွက်ပေါက်များမှတစ်ဆင့်အခြားအရာဝတ္ထုများမပြုတ်ကျပါစေနှင့်။(မီးလောင်ခြင်း(သို့)လျှပ်စစ်ရှော့ခ်ဖြစ်စေနိုင်ပါသည်။)

### တီဗွီကိုစောင်းနေသော(သို့)မညီညာသောမျက်နှာပြင်များတွင်မထားပါနှင့်။ တီဗွီကိုစားပွဲ၏အစွန်းတွင်ရောက်နေခြင်းမဖြစ်ပါစေနှင့်။

- တီဗွီပြုတ်ကျခြင်း(သို့) မှောက်ကျခြင်းများဖြစ်နိုင်ပါသည်။

### သတ်မှတ်ထားသောစားပွဲတင်ဒေါက်(သို့)အခြားစက်အထိုင်များကိုသုံးပါ။

- ခွင့်မပြုထားသောစားပွဲတင်ဒေါက်(သို့)အခြားသောအထိုင်များကိုသုံးခြင်းသည်တီဗွီကိုမညီညာစေဘဲအနာတရဖြစ်နိုင်ပါသည်။တပ်ဆင်ရန်အတွက်ပန်နာဆိုးနစ်အရောင်းကိုယ်စားလှယ်ကိုမေးမြန်းပါ။
- ကိရိယာကိုနံရံ(သို့)မျက်နှာကျက်တွင်တပ်ဆင်သည့်အခါထုတ်လုပ်သူအကြံပေးသောနည်းလမ်းအတိုင်းတပ်ဆင်ပါ။၎င်းသည်ဘေးကင်းလုံခြုံရေးလုပ်ဆောင်ချက်ဖြစ်သည်။
- ထုတ်လုပ်သူသတ်မှတ်ထားသောတွဲဖက်ပစ္စည်းများကိုသာသုံးပါ။(သီးသန့်ထောက်ပံ့ထားသောတွဲဖက်မီးခေါင်း၊ဓာတ်ခဲအစရှိသဖြင့်)

### တီဗွီနေရောင်ခြည်တိုက်ရိုက်(သို့)အခြားအပူထွက်သောအရာများနှင့်မထိတွေ့ပါစေနှင့်။

- တီဗွီကိုနေရောင်ခြည်တိုက်ရိုက်နှင့်အခြားအပူထွက်သောအရာများနှင့်ထိတွေ့ခြင်းကိုရှောင်ပါ။



**မီးကူးခြင်းကိုကာကွယ်ရန်ဤကိရိယာကိုဖယောင်းတိုင်များ(သို့)အခြားမီးတောက်များနှင့်အမြဲတမ်းဝေးဝေးတွင်ထားပါ။**

## အသုံးပြုသည့်ပတ်ဝန်းကျင်

⚠ ရုပ်သံဖမ်းစက်ကိုမညီညာသောနေရာတွင်ဘယ်သောအခါမှမထားပါနှင့်။ရုပ်သံဖမ်းစက်သည်ပြုတ်ကျ၍အနာတရဖြစ်မှု(သို့)အသက်ဆုံးရှုံးခြင်းဖြစ်နိုင်ပါသည်။အောက်ပါရိုးရှင်းသောကြိုတင်သတိပေးချက်များကိုလိုက်နာခြင်းဖြင့်အနာတရဖြစ်ခြင်းအထူးသဖြင့်ကလေးများအတွက်ကိုရှောင်ရှားနိုင်ပါသည်။

- တီဗွီထုတ်လုပ်သူမှအကြံပြုထားသောတီဗွီစင်(သို့)ခုံများကိုသာသုံးခြင်း
- တီဗွီကိုလုံခြုံစွာထောက်ပံ့နိုင်သည့်ပရိဘောဂပစ္စည်းများကိုသာသုံးခြင်း
- တီဗွီကိုထောက်ပံ့ထားသောပရိဘောဂ၏အစွန်းတွင်မရောက်စေခြင်း
- ပရိဘောဂနှင့်တီဗွီကိုသင့်လျော်သောအထောက်အပံ့ဖြင့်ချိတ်ဆက်ထားခြင်းမရှိဘဲတီဗွီကိုပရိဘောဂအမြင့်ပေါ်တွင်မထားခြင်း(ဥပမာ–ဗီရိုများ(သို့)စာအုပ်စင်များ)
- တီဗွီနှင့်ထောက်ပံ့ထားသောပရိဘောဂ၏အကြားရှိအဝတ်(သို့)အခြားအရာဝတ္ထုများအပေါ်တွင်တီဗွီကိုမထားခြင်း။
- ကလေးများအားတီဗွီနှင့်တီဗွီ၏ထိန်းချုပ်ရေးခလုတ်များကိုကိုင်တွယ်ရန်ပရိဘောဂပေါ်သို့တက်ခြင်း၏အန္တရာယ်များကိုပညာပေးခြင်းအကယ်၍တီဗွီကိုထိန်းသိမ်းခြင်း၊နေရာရွှေ့ခြင်းပြုလုပ်ပါကအထက်ပါအချက်များကိုထည့်သွင်းစဉ်းစားသင့်ပါသည်။

(၇ ကီလိုဂရမ်ထက်ပိုသောတီဗွီအတွက်သာ)

## သန့်ရှင်းခြင်း





- သန့်ရှင်းစေရန်ရည်ရွယ်ချက်ဖြင့် တီဗွီမျက်နှာပြင်ပေါ်သို့ရေ(သို့) ဆပ်ပြာရည် တိုက်ရိုက်မဖြန်းရ။
- ကြွက်များ၊ ကြောင်များနှင့် အခြား တိရစ္ဆာန်များ တီဗွီ၏အရှေ့ဘက်နှင့် အနောက်ဘက်များဆီသို့ သွားခြင်း ဂရုပြုပါ။တီဗွီကို ပျက်စီးစေနိုင်ပါသည်။
- (လက်သည်း၊ ဓားများကဲ့သို့သော ) မာကျောသော (သို့ ) ချွန်ထက်သော အရာများဖြင့် တီဗွီမျက်နှာပြင်ပေါ်အသုံးမပြုပါနှင့်။မျက်နှာပြင် ပျက်စီးစေနိုင်ပါသည်။

## နံရံပေါ်တွင် တီဗွီ ချိတ်ဆွဲခြင်း

- နံရံသည်တီဗွီ၏အလေးချိန်ကို ထောက်ပံ့နိုင်ကြောင်းနှင့် နံရံတွင် အထိုင်ကျကျ တပ်ဆင်နိုင်ရန် စစ်ဆေးပါ။
- နံရံတွင်အထိုင်ချရန် ထောက်ပံ့ပေးသော အထိုင်ချနည်း လမ်းညွှန်ချက်များကို လိုက်နာပါ။
- တီဗွီကို ဒေါင်လိုက်နံရံပေါ်တွင် တပ်ဆင်ရမည်။
- နံရံ၏ပစ္စည်းအတွက် သင့်လျော်သော မူလီများကိုသာ အသုံးပြုရန် သေချာပါစေ။
- ကြိုးများကျော်သွားခြင်းအန္တရာယ် မရှိစေရန် တီဗွီကေဘယ်ကြိုးများ တပ်ဆင်နေရာချထားခြင်းကို သေချာစွာ စစ်ဆေးပါ။

ကျွန်ုပ်တို့၏ တီဗွီများနှင့် ပတ်သက်သော အခြားလုံခြုံရေးညွှန်ကြားချက်များသည်လည်း ဤနေရာနှင့် သက်ဆိုင်ပါသည်။

သတိပေးချက် ： ဤအသုံးပြုမှုသည်လူနှစ်ယောက်လိုအပ်ပါသည်။

ဘေးကင်းလုံခြုံစွာတပ်ဆင်ရန်အတွက်အောက်ပါဘေးကင်းလုံခြုံမှုများကိုလေ့လာပါ။

## ⚠ သတိပေးချက်

၁. **ဤညွှန်ကြားချက်များကိုဖတ်ပါ။**....... ထုတ်ကုန်ကို စတင်အသုံးမပြုမီ အသုံးပြုနည်းလမ်းညွှန်ချက်များအားလုံးကို ဖတ်ပြီးနားလည်ရမည်။

၂. **ဤလမ်းညွှန်ကိုသိမ်းထားပါ။**.......ဤလုံခြုံမှုနှင့် အသုံးပြုနည်းလမ်းညွှန်ချက်များကိုနောင်တွင် အသုံးပြုနိုင်ရန် လုံခြုံသော နေရာတွင် သိမ်းဆည်းထားရမည်။

၃. **အရေးကြီးသတိပေးချက်အားလုံးကို ဖတ်ပါ။**.......ထုတ်ကုန်နှင့် ညွှန်ကြားချက်များရှိ အရေးကြီးသတိပေးချက်များအားလုံးကို သေချာစွာ လေ့လာရမည်။

၄. **ညွှန်ကြားချက်များကို လိုက်နာပါ။**.......အသုံးပြုနည်းလမ်းညွှန်အားလုံးကို လိုက်နာရမည်ဖြစ်သည်။

၅. **တပ်ဆင်စရာပစ္စည်းများ**.......ထုတ်လုပ်သူမှ သတ်မှတ်ထားသော တပ်ဆင်စရာပစ္စည်းများ / ဆက်စပ်ပစ္စည်းများကို သာ အသုံးပြုပါ။ ထုတ်လုပ်သူမှ အာမခံမပေးသော ဆက်စပ်ပစ္စည်းများကို မသုံးပါနှင့်။ မမှန်ကန်သော တပ်ဆင်စရာများကို အသုံးပြုခြင်းသည် မတော်တဆမှုများကို ဖြစ်စေနိုင်သည်။

၆. **ပါဝါအရင်းအမြစ်** .......အမှတ်တံဆိပ်ပေါ်တွင် ညွှန်ပြထားသည့် စာရင်းဝင်ပါဝါထောက်ပံ့ရေးပစ္စည်းများဖြင့် ဤထုတ်ကုန်ကို ထောက်ပံ့ရန် ရည်ရွယ်ပါသည်။ အကယ်၍ သင်သည်သင့်အိမ်၏ လျှပ်စစ်ဓာတ်အား ထောက်ပံ့မှု အမျိုးအစား မသေချာပါက သင်၏ ကုန်ပစ္စည်းရောင်းဝယ်သူ (သို့ ) ဒေသခံစွမ်းအင်ကုမ္ပဏီနှင့် တိုင်ပင်ပါ။ မိုးကြိုးမုန်တိုင်းထန်စဉ် (သို့ ) အချိန်တစ်ခု ကြာမြင့်စွာ အသုံးမပြု၊ မတပ်ဆင်ထားပါက ဤထုတ်ကုန်ကို ထပ်ဆောင်း ကာကွယ်မှုအတွက် နံရံ၏ ပလပ်ပေါက်မှ ပလပ်ဖြုတ်ပြီး ကေဘယ်လ်စနစ်ကို ဖြုတ်ထားပါ။

အဖိုအမ နှစ်မျိုးပါသော ပလပ်နှင့် မြေစိုက်ကြိုးပါသော ပလပ်များ၏ ဘေးကင်းလုံခြုံရေးရည်ရွယ်ချက်များကို မထိခိုက်ပါစေနှင့်။ အဖိုအမ နှစ်ခုပါသော ပလပ်တွင် တစ်ခုထပ်တစ်ခု ပိုကျယ်သော အသွားနှစ်ခု ပါဝင်သည်။ မြေစိုက်ကြိုးပါ ပလပ်တွင် အသွားနှစ်ခုပါပြီး တတိယ မြေစိုက်ခက်ရင်းသွားသည် ဘေးကင်းလုံခြုံမှုအတွက် ထောက်ပံ့ပေးပါသည်။အကယ်၍ သင့်လျော်သော ထောက်ပံ့ထားသည့် ပလပ်သည် သင့်အိမ်ပလပ်ပေါက်တွင် အံမကျပါက ခေတ်မမီတော့သော အိမ်တွင်းပလပ်ပေါက်ကို အစားထိုးရန်လျှပ်စစ်ကျွမ်းကျင်သူနှင့်တိုင်ပင်ပါ။

၇. **ပါဝါကြိုးကာကွယ်စောင့်ရှောက်ခြင်း**.......စက်ပစ္စည်းမှ ပလပ်ထွက်သည့် နေရာနှင့် အဆင်ပြေသည့် ထည့်သောနေရာ၊ အထူးသဖြင့် ပလပ်များပေါ်တွင် လမ်းလျှောက်ခြင်းနှင့် ညှပ်ခြင်းမှ ကာကွယ်ပါ။

**မှတ်ချက်** ： ပလပ်ခေါင်း(သို့)ကိရိယာကြားဆက်ပစ္စည်းကိုဖြုတ်တောက်ပစ္စည်းအဖြစ်သုံးနိုင်ပြီးဖြုတ်တောက်ပစ္စည်းသည်အလွယ်တကူအသုံးပြုနိုင်ရမည်။

၈. **ဝန်ပိုသုံးစွဲခြင်း** .......နံရံရှိ ပလပ်ပေါက်များ၊ တိုးချဲ့ကြိုးများနှင့် အခြားပစ္စည်းများအသုံးပြုနေသော ပလပ်ထည့်သည့်နေရာများတွင် ဝန်ပို၍ မသုံးပါနှင့်။ဤသို့ပြုလုပ်လျှင် မီး (သို့ ) လျှပ်စစ်ရှော့ခ်ဖြစ်ပေါ်နိုင်ပါသည်။

၉. **ဝန်ဆောင်မှု** .......ဝန်ဆောင်မှုအားလုံးကို အရည်အချင်း ပြည့်ဝသော ဝန်ထမ်းများထံ လွှဲပြောင်းပါ။ စက်ပစ္စည်းသည် မည်သည့် နည်းဖြင့်မဆို ပျက်စီးခြင်း၊ လျှပ်စစ်ဓာတ်အား ထောက်ပံ့သောကြိုး (သို့ ) ပလပ်ပျက်စီးခြင်း၊ အရည်ဖိတ်ခြင်း(သို့ ) ပစ္စည်းများ စက်ပစ္စည်းများအတွင်း ကျစေခြင်း၊ မိုးရေ (သို့ ) စိုစွတ်မှု ထိနိုင်သောနေရာတွင် ထားခြင်း၊ စက်ပစ္စည်းပုံမှန် မလည်ပတ်ခြင်း (သို့ ) လွတ်ကျခြင်း စသည့် ပျက်စီးထိခိုက်မှုများ ဖြစ်ပေါ်ပါက ဝန်ဆောင်မှုလိုအပ်သည်။

၁၀. **ဝန်ဆောင်မှုလိုအပ်သော ပျက်စီးဆုံးရှုံးမှု** .......အောက်ပါအခြေအနေများမှ တစ်ခုခု ဖြစ်ပေါ်လျှင် အောစီ ပလပ်ပေါက်မှ ပါဝါကြိုးကို ဖြုတ်ပါ။ ပြင်ဆင်မှုများ ပြုလုပ်ရန် အရည်အချင်းရှိသော ဝန်ဆောင်မှုပေးသူ တစ်ဦးကို တောင်းဆိုပါ။

(က) ပါဝါကြိုး (သို့ )ပလပ်ပျက်စီးသော အခါ။

(ခ ) အရည်များ ထုတ်ကုန်ပေါ်သို့ ဖိတ်သော အခါ (သို့ ) အရာဝတ္ထုများ ထုတ်ကုန်ပေါ်သို့ ကျသောအခါ။

(ဂ) ထုတ်ကုန်သည် မိုး (သို့) ရေဖြင့် ထိတွေ့သောအခါ။

(ဃ) အသုံးပြုနည်းလမ်းညွှန်တွင် ဖော်ပြထားသကဲ့သို့ ထုတ်ကုန်သည် စနစ်တကျ လည်ပတ်မှု မရှိသောအခါ။
အသုံးပြုနည်းလမ်းညွှန်တွင် ဖော်ပြထားသော ခလုတ်မှ လွဲ၍ အခြား ခလုတ်များကို မထိပါနှင့်။ လမ်းညွှန်တွင် ဖော်ပြထားခြင်းမရှိသည့် မလျော်ကန်သောညှိနှိုင်းမှုများသည် ပျက်စီးမှုကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် မကြာခဏ ကျွမ်းကျင်သော ပညာရှင်များ၏ ညှိနှိုင်းမှု လိုအပ်သည်။

(င) အကယ်၍ ထုတ်ကုန်ပြုတ်ကျသောအခါ (သို့) တီဗွီစင်သည် တစ်စုံတစ်ရာကြောင့် ပျက်စီးသွားသောအခါ။

(စ) ထုတ်ကုန်တစ်ခုခု ပုံမှန်မဟုတ်သော အခြေအနေ ပြသနေသောအခါ (သို့) စွမ်းဆောင်ရည် ကွဲပြားမှုကို ပြသောအခါ၊ ထုတ်ကုန်ရှိ သိသာသော ပုံမှန်မဟုတ်မှု တစ်စုံတစ်ရာသည် ထုတ်ကုန်ဝန်ဆောင်မှု လိုအပ်ကြောင်း ပြသနေသည်။

၁၁. **အစားထိုး အစိတ်အပိုင်းများ** .......ထုတ်ကုန်တွင် အစားထိုးပစ္စည်းများ လိုအပ်သော ကိစ္စတွင် ဝန်ဆောင်မှုပေးသူသည် ထုတ်လုပ်သူမှ သတ်မှတ်ထားသော အစားထိုးအစိတ်အပိုင်းများ (သို့) မူရင်း အစိတ်အပိုင်းကဲ့သို့ တူညီသော ပုံသဏ္ဍာန်နှင့် လုပ်ဆောင်မှုစွမ်းရည်တူသော အစားထိုး အစိတ်အပိုင်းများ အသုံးပြုကြောင်း သေချာပါစေ။ ခွင့်ပြုချက်မရသော အစားထိုး အစိတ်အပိုင်းများ အသုံးပြုခြင်းဖြင့် မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ် ဖြစ်ခြင်းနှင့် အခြားသော အန္တရာယ်များ ဖြစ်နိုင်သည်။

၁၂. **ဘေးကင်းလုံခြုံရေးစစ်ဆေးမှု** .......ဝန်ဆောင်မှု (သို့) ပြုပြင်ခြင်းလုပ်ငန်း ပြီးစီးပြီးနောက် ထုတ်ကုန် သင့်လျော်သော လည်ပတ်မှု အခြေအနေ သေချာစေရန် လုံခြုံရေး စစ်ဆေးမှုများ ပြုလုပ်ရန် ဝန်ဆောင်မှု ကျွမ်းကျင်သူကို တောင်းဆိုပါ။

၁၃. **စင်** .......ထုတ်လုပ်သူမှ သတ်မှတ်ထားသော (သို့) စက်ပစ္စည်းနှင့် အတူ ရောင်းသော လှည်း၊ စင်၊ သုံးချောင်းထောက် ဒေါက် (သို့) စားပွဲကိုသာ အသုံးပြုပါ။ ထုတ်ကုန်ကို မတည်ငြိမ်သော အခြေတွင် ထားပါက ထုတ်ကုန်ပြုတ်ကျနိုင်ပြီး ပြင်းထန်သော ပုဂ္ဂိုလ်ရေး ဒဏ်ရာများ အပြင် ထုတ်ကုန်ပျက်စီးမှုကို ဖြစ်ပေါ်စေသည်။ ထုတ်ကုန်ကို နံရံတွင် အထိုင်ချသောအခါ ထုတ်လုပ်သူ၏ လမ်းညွှန်ချက်များကို လိုက်နာကြောင်း သေချာပါစေ။ ထုတ်လုပ်သူမှ ထောက်ခံ အကြံပြုထားသော အထိုင်ချ ကိရိယာများကိုသာ အသုံးပြုပါ။




၁၄. **ဂရုတစိုက်ပြောင်းရွှေ့ခြင်း** .......လှည်းကို အသုံးပြုသောအခါ လှည်း / တပ်ဆင်ထားသော ပစ္စည်းများ ရွှေ့လျားရာတွင် အစွန်းအဖျားမှ ကျော်လွန်၍ ထိခိုက်ဒဏ်ရာ ရခြင်းကို ရှောင်ရှားရန် အထူးသတိပြုပါ။ ရုတ်တရက် ရပ်တန့်လိုက်ခြင်း၊ လွန်ကဲသော အားကို သုံးမိခြင်း၊ မညီညာ ဖြစ်နေသော ကြမ်းပြင် မျက်နှာပြင်ပေါ်တွင် ထုတ်ကုန်ကို လှည်းပေးမှ ပြုတ်ကျစေနိုင်သည်။ အောစီ ပါဝါကြိုးကို ဖြုတ်ထားခြင်း မရှိဘဲနှင့် တီဗွီကို ဘယ်သောအခါမှ မရွှေ့ပါနှင့်။

၁၅. **လျှပ်စစ်မီး** ....... မိုးကြိုးမုန်တိုင်းတိုက်ခတ်နေစဉ် (သို့) အချိန်ကြာမြင့်စွာ အသုံးမပြုဘဲ ထားပါက စက်ပစ္စည်းကို ဖြုတ်ထားပါ။ မုန်တိုင်းပြင်းထန်စဉ် (သို့) အချိန်တစ်ခု ကြာမြင့်စွာ အသုံးမပြုခြင်း တပ်ဆင်ထားခြင်း မရှိပါက ထုတ်ကုန်ကို ထပ်ဆောင်းကာကွယ်မှုအတွက် အိမ်ရှိ ပလပ်ပေါက်မှ ပလပ်ဖြုတ်ထားပြီး အင်တာနာနှင့် ဆက်သွယ်မှုကို ဖြုတ်တောက်ထားပါ။ ၎င်းသည် လျှပ်စီးလက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ မြင့်တက်မှုကြောင့် ပစ္စည်းကိရိယာ ပျက်စီးခြင်းကို ကာကွယ်ပေးသည်။

၁၆. **ပုံမှန်ကာကွယ်စောင့်ရှောက်ရေး** .......ဤထုတ်ကုန်တွင် အသုံးပြုသော ပြသသည့် မှန်ပုံကွက်ကို ဖန်ဖြင့် ပြုလုပ်ထားပါသည်။ ထို့ကြောင့် ထုတ်ကုန်ပေါ် အခြားအရာဝတ္ထုများ လဲကျသောအခါ (သို့) ထိမိသောအခါ ၎င်းသည် ကွဲနိုင်သည်။ အကယ်၍ ပြသည့် မှန်ပုံကွက် ကွဲသွားပါက ဖန်အကွဲအပိုင်းအစများဖြင့် ဒဏ်ရာမရစေရန် သတိပြုပါ။

၁၇. **ရုပ်ပုံဖော်သော စက်ချို့ယွင်းခြင်း** ........ပြသသော မှန်ပုံကွက်သည် အလွန်မြင့်မားသော နည်းပညာ ထုတ်ကုန်တစ်ခု ဖြစ်ပြီး သင့်အား အသေးစိတ်ဓာတ်ပုံများကို ပေးသည်။ ရံဖန်ရံခါ တက်ကြွမှုမရှိသော ရုပ်ပုံဖော်သော အစက်အနည်းငယ်သည် အပြာရောင်၊ အစိမ်းရောင် (သို့) အနီရောင်၏ သက်မှတ်ထားသော အမှတ်တစ်ခု အဖြစ် ဖန်သားပြင်ပေါ်တွင် ပေါ်လာနိုင်သည်။ ၎င်းသည် သင်၏ ထုတ်ကုန်စွမ်းဆောင်ရည်ကို မထိခိုက်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။

၁၈. **နောက်ဘက်လေအပေါက်များကို ပိတ်ဆို့မထားပါနှင့်။**

- အီလက်ထရောနစ် အစိတ်အပိုင်းများ ပျက်စီးခြင်းကို ကာကွယ်ရန် လုံလောက်သော လေဝင်လေထွက်ရှိရန် လိုအပ်သည်။
- လေဝင်လေထွက်ပေါက်များကို သတင်းစာများ၊ စားပွဲတင်အဝတ်များနှင့် ခန်းစီးများကဲ့သို့သော ပစ္စည်းများနှင့် ဖုံးအုပ်ထားခြင်း အားဖြင့် လေဝင်လေထွက် အဟန့်အတား မဖြစ်စေရ။
- တီဗွီစင် (သို့) စင်ပေါ် ကြားတွင် ထားသည့်အခါ တီဗွီပတ်ဝန်းကျင်တွင် အနည်းဆုံး ၁၀ စင်တီမီတာ အကွာအဝေးတွင် ထားရှိရမည်။
- အောက်ခံကိရိယာကို အသုံးပြုသောအခါ တပ်ဆင်ထားသော တီဗွီ၏ အခြေနှင့် တီဗွီမျက်နှာပြင် အကြားအကွာအဝေး ခြားထားပါ။
- အောက်ပါကိရိယာကို အသုံးမပြုပါက တီဗွီအောက်ခြေရှိ အပေါက်များကို ပိတ်ဆို့မထားပါနှင့်။
- ဤပစ္စည်းကိရိယာများကို စာအုပ်စင် (သို့) အလားတူ ယူနစ်တစ်ခုကဲ့သို့ ကန့်သတ်ထားသော (သို့) အဆောက်အအုံအတွင်းနေရာ၌ မတပ်ဆင်ပါနှင့်။ ပြီးနောက် ပွင့်နေသော ဘက်ရှိ လေဝင်လေထွက်ကောင်းသော အခြေအနေတွင် ထားရှိရမည်။

အနည်းဆုံး အကွာအဝေး




(စင်တီမီတာ)

မှတ်ချက်။ ။ဤပုံသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

၁၉. **ဓာတ်ခဲကို မစားပါနှင့်။ ဓာတုလောင်ကျွမ်းမှု အန္တရာယ်ရှိသည်။** ........ အသစ်နှင့် အသုံးပြုပြီးသား ဓာတ်ခဲများကို ကလေးများနှင့် အဝေးတွင် ထားပါ။ အကယ်၍ ဓာတ်ခဲအကန့် လုံခြုံစွာ ပိတ်ထားခြင်း မရှိလျှင် ထုတ်ကုန်အသုံးပြုခြင်းကို ရပ်တန့်ပြီး ကလေးများနှင့် အဝေးတွင် ထားပါ။ အကယ်၍ ကလေးသည် ဓာတ်ခဲကို မျိုချခြင်း (သို့) ခန္ဓာကိုယ်၏ တစ်နေရာရာတွင် ဓာတ်ခဲရှိနေသည်ဟု ထင်ပါက ချက်ချင်း ကုသမှုခံယူပါ။

၂၀. **နားထောင်ခြင်း** ........ မြင့်မားသော အသံပမာဏနှင့် အချိန်ကြာမြင့်စွာ တေးဂီတ ကို နားထောင်ခြင်းသည် နားထောင်သူ၏ အကြားအာရုံကို ပျက်စီးစေနိုင်သည်။ အကြားအာရုံပျက်စီးခြင်း အန္တရာယ်ကို လျှော့ချရန် နားထောင်သူသည် အသံပမာဏကို လုံခြုံစိတ်ချရသော၊ သက်တောင့်သက်သာ ဖြစ်စေသော အဆင့်သို့ လျှော့ချသင့်သည်။ပြီးနောက် မြင့်မားစွာ နားထောင်သော အချိန်ကို လျှော့ချပါ။

## သင်္ကေတများ

- ϟ ဤအမှတ်အသား ပါဝင်သော ငုတ်များသည် လျှပ်စစ်ရှော့ခ်၏ အန္တရာယ်ဖြစ်နိုင်ရန် လုံလောက်သော ပြင်းအား ရှိနိုင်သည်။ ငုတ်များတွင် ပြင်ပမှ ဝါယာ ချိတ်ဆက်ရာတွင် ညွှန်ကြားထားသူ (သို့) အဆင်သင့် ပြုလုပ်ထားသော ခဲ (သို့) ကြိုးဖြင့် တပ်ဆင်ရန် လိုအပ်သည်။
- အကယ်၍ ထုတ်ကုန်၏ အဆင့်သတ်မှတ်ချက်တံဆိပ်တွင် ▣ ဤအမှတ်အသားဖြင့် သင်္ကေတ ပါရှိပြီး ပါဝါကြိုးတွင် ပင်နှစ်ခု ပါဝင်ပါက ပစ္စည်းကိရိယာများသည် Class II (သို့) လျှပ်စစ်ကို နှစ်ဆ ကာကွယ်ပေးသော ပစ္စည်း များ ဖြစ်သည် ဟု ဆိုလိုပါသည်။ ၎င်းသည် မြေကြီးရှိ လျှပ်စစ်နှင့် လုံခြုံရေး ချိတ်ဆက်ရန် မလိုသည့် ပုံစံဖြင့် ဒီဇိုင်းပြုလုပ်ထားသည်။
- အောက်ပါ အချက်အလက်များကို သက်ဆိုင်သော နေရာတွင် ထည့်သွင်းရန် အကြံပြုသည်။

~ အေစီ လျှပ်စီးကြောင်းကို ရည်ညွှန်းသည်။

⎓ ဒီစီ လျှပ်စီးကြောင်းကို ရည်ညွှန်းသည်။

▣ အမျိုးအစား II ပစ္စည်းကိရိယာများကို ရည်ညွှန်းသည်။

⏻ အရန်သင့် ပြုလုပ်ရန် လိုအပ်သည်။

I ပါဝါဖွင့်ရန်ရည်ညွှန်းသည်။

ϟ အန္တရာယ်ရှိဗို့အားကို ရည်ညွှန်းသည်။




- သုံးနားညီ တြိဂံအတွင်း လျှပ်စစ်မီးနှင့် မြှားခေါင်းပုံပါသော သင်္ကေတသည် လျှပ်စစ်ရှော့ခ်ဖြစ်ပေါ်နိုင်စေရန် လုံလောက်သော လျှပ်စစ်ပမာဏ ရှိသည့် ထုတ်ကုန် အတွင်းတွင် အကာအကွယ် မရှိသော "အန္တရာယ်ရှိသော ဗို့အား" ရှိနေခြင်းကို အသုံးပြုသူအား အသိပေးရန် ရည်ရွယ်ပါသည်။
- လျှပ်စစ်ရှော့ခ်၏ အန္တရာယ်ကို လျှော့ချရန် (အနောက်) (သို့) အဖုံးကို မဖယ်ရှားပါနှင့်။စက်အတွင်းတွင် အသုံးပြု သူကိုယ်တိုင်ပြုပြင်နိုင်သော အစိတ်အပိုင်းများမပါဝင်ပါ။
- သုံးနားညီ တြိဂံ အတွင်းရှိ အာမေဍိတ် အမှတ်သည် စက်ပစ္စည်းနှင့် အတူပါလာသော စာအုပ်အတွင်းရှိ အရေးကြီးသော အသုံးပြုပုံနှင့် ပြုပြင်ထိန်းသိမ်းမှုလမ်းညွှန်ချက်များကို အသုံးပြုသူများအား သတိပေးရန် ရည်ရွယ်ပါသည်။

## အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်ခြင်းကို အသုံးပြုရန် ကြိုတင်ကာကွယ်မှု

- အဝေးထိန်းခလုတ်အာရုံခံကိရိယာဆီသို့ ဦးတည်ညွှန်ပြခြင်းဖြင့် အဝေးထိန်းခလုတ်ကို အသုံးပြုနိုင်သည်။အဝေးထိန်းခလုတ် ထိန်းချုပ်မှုနှင့် ၎င်း၏ အာရုံခံ ကိရိယာကြားရှိ ပစ္စည်းများသည် ပုံမှန် လည်ပတ်မှုကို နှောင့်ယှက်လိမ့်မည်။
- အဝေးထိန်းခလုတ်ကို ပြင်းပြင်းထန်ထန် တုန်ခါအောင် မလုပ်ပါနှင့်။ ထို့အတူ အဝေးထိန်းခလုတ်ပေါ်တွင် အရည်များ ဖျန်းခြင်း မပြုလုပ်ပါနှင့်။ ထို့အပြင် အဝေးထိန်းခလုတ်ကို စိုစွတ်မှုမြင့်သော နေရာတွင် မထားပါနှင့်။
- အပူကြောင့် အဝေးထိန်းခလုတ်၏ ပုံပျက်သွားနိုင်သောကြောင့် နေရောင်နှင့် တိုက်ရိုက် ထိတွေ့နိုင်သော နေရာတွင် အဝေးထိန်းခလုတ်ကို မထားပါနှင့်။
- အဝေးထိန်းခလုတ်အာရုံခံ ကိရိယာသည် နေရောင်ခြည် တိုက်ရိုက် (သို့ ) အားပြင်းသော လျှပ်စီးအောက်ရောက်သောအခါ အဝေးထိန်းခလုတ်သည် အလုပ်လုပ်မည် မဟုတ်ပါ။ အကယ်၍ ရှိခဲ့လျှင် လျှပ်စစ်မီးရောင် (သို့ ) တီဗွီ၏ အနေအထားကို ပြောင်းပါ (သို့) အဝေးထိန်းခလုတ်ကို ၎င်း၏ အာရုံခံ ကိရိယာနှင့် နီးကပ်စွာ ထား၍ အသုံးပြု လုပ်ဆောင်ပါ။

## စံပြုဆက်စပ်ပစ္စည်းများ

**အဝေးထိန်းခလုတ်**



**အောက်ခံ(၂)**



**မူလီ(၄)**



**ဓာတ်ခဲ**
**(AAA အရွယ်အစား)**



**အသုံးပြုနည်း**
**လမ်းညွှန်**



**မှတ်ချက် :**

(၁) ဤပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

(၂) ဆက်စပ်ပစ္စည်းများ အားလုံးကို အတူမထားပါနှင့်။ ၎င်းတို့ကို မရည်ရွယ်ဘဲ မလွှင့်ပစ်မိရန် ဂရုစိုက်ပါ။

(၃) ဤထုတ်ကုန်တွင် (ပလတ်စတစ်အိတ်ကဲ့သို့သော) အန္တရာယ်ဖြစ်စေနိုင်သော အစိတ်အပိုင်းများ ပါဝင်သည်။ ၎င်းတို့ကို ကလေးများသည် မတော်တဆ ရှူသွင်းခြင်း (သို့) မျိုချမိနိုင်ပါသည်။ ဤအစိတ်အပိုင်းများကို ကလေးငယ်များနှင့် လက်လှမ်းမမှီနိုင်သော နေရာတွင် ထားပါ။

## ရွေးချယ်၍ရသော အထောက်အကူပြုဆက်စပ်ပစ္စည်းများ

အကြံပြုထားသည့် ရွေးချယ်၍ရသော ဆက်စပ်ပစ္စည်းများကို ဝယ်ယူရန်အတွက် သင်၏ ပန်နာဆိုးနစ် အရောင်းကိုယ်စားလှယ်ထံ ဆက်သွယ်ပါ။ အပိုဆောင်း အသေးစိတ်အတွက် ကျေးဇူးပြု၍ ရွေးချယ်နိုင်သော ဆက်စပ်ပစ္စည်းများ၏ လမ်းညွှန်စာအုပ်ကို ဖတ်ပါ။

**နံရံကပ်ဒေါက်**

အကြံပြုထားသော နံရံကပ်ဒေါက်ကို ဝယ်ယူရန် သင်၏ပြည်တွင်းပန်နာဆိုးနစ် အရောင်းကိုယ်စားလှယ်ထံ ဆက်သွယ်ပါ။

- **မူလီနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များ**







| မူလီနှင့်ပတ်သက်သော အသေးစိတ် အတိုင်းအတာ | | ၃၂" | |
|---|---|---|---|
| | | အပေါ် | အောက် |
| c (အချင်း) (မီလီမီတာ) | | M4 | M4 |
| ဃ (အနက်) (မီလီမီတာ) | အများဆုံး | ၉ | ၉ |
| | အနည်းဆုံး | ၇ | ၇ |
| ပမာဏ | | ၂ | ၂ |

- **VESA**

| VESA | ၃၂" |
|---|---|
| က(မီလီမီတာ) | ၂၀၀ |
| ခ(မီလီမီတာ) | ၂၀၀ |

**မှတ်ချက်။** ။ရုပ်ပုံများသည် ကိုးကားရန် အတွက် သာ ဖြစ်သည်။

**အရေးကြီးသတိပေးချက်**

- ဤတီဗွီကို အသုံးပြုသူသည် ပန်နာဆိုးနစ်အောက်ခံဒေါက်ကို အသုံးမပြုခြင်း (သို့) ကျွမ်းကျင်မှုမရှိဘဲ ဒေါက်ကို တပ်ဆင်ခြင်း ပြုလုပ်ပါက အန္တရာယ် တစ်စုံတစ်ရာ ဖြစ်ပွားစေနိုင်ပါသည်။ တပ်ဆင်မည်ဆိုပါက ကျွမ်းကျင်သူ တစ်စုံတစ်ဦးကို ခေါ်ယူ၍ တပ်ဆင်ရပါမည်။ တပ်ဆင်မှု မှားယွင်းခဲ့လျှင် အောက်သို့ပြုတ်ကျပြီး စက်ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ သင်သည် စက်ကို ကျွမ်းကျင်မှုမရှိဘဲ မှားယွင်းစွာ တပ်ဆင်မိခဲ့ပါက ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများ အားလုံးသည် ကုမ္ပဏီမှပေးသော အာမခံတွင် အကျုံးမဝင်ပါ။
- ရွေးချယ်၍ရသော အထောက်အကူပြုပစ္စည်းများ (သို့) နံရံကပ်ဒေါက်များ အသုံးပြုသည့်အခါတွင် လမ်းညွှန်ချက်များအတိုင်း တပ်ဆင်ထားခြင်း ရှိမရှိ သေချာစွာ စစ်ဆေးပြီးမှ အသုံးပြုပါ။
- ပုံမှန်အားဖြင့် အပူရှိန်ပြင်းသည့် (စပေါ့လိုက်မီး (သို့) ဟေလိုဂျင်လိုက်မီး) ကဲ့သို့သော မျက်နှာကျက်မီးများ၏ အောက်တွင် တီဗွီကို မတပ်ဆင်ပါနှင့်။ ထိုသို့ပြုလုပ်ပါက ၎င်းသည် ပုံပျက်သွားနိုင်ခြင်း (သို့) ၎င်း၏ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော အစိတ်အပိုင်းများကို ပျက်စီးစေနိုင်ပါသည်။
- နံရံကပ်စင်ကို နံရံတွင် တပ်စင်ရာ၌ ဂရုတစိုက်တပ်ဆင်ပါ။ ထို့အပြင် နံရံကပ်စင်ကို နံရံတွင် ဟန်ချက်ညီအောင် တပ်ဆင်ရန် လိုအပ်ပါသည်။ နံရံကပ်စင် မတပ်မီနံရံတွင် လျှပ်စစ်ကြိုး (သို့) ပိုက်များ ရှိမရှိ သေချာစွာ စစ်ဆေးပါ။
- သင်၏တီဗွီကို အသုံးမပြုတော့သည့်အခါတွင် ပြုတ်ကျခြင်းနှင့် ထိခိုက်ခြင်းတို့ မဖြစ်စေရန် ၎င်းကို နံရံကပ်စင်မှ ဖြုတ်ထားပါ။

## စားပွဲတင်ဒေါက်တပ်ဆင်ခြင်း

**အရေးကြီးသတိပေးချက်**

**စားပွဲတင်ဒေါက်ကိုဖြုတ်ခြင်း (သို့) ပြင်ဆင်ခြင်း မပြုလုပ်ပါနှင့်။**

- ထိုသို့မဟုတ်ပါက တီဗွီသည်ပြုတ်ကျ၍ ပျက်စီးသွားနိုင်ပြီး ထိခိုက်ဒဏ်ရာ ရနိုင်သည်။

**သတိပေးချက်**

**တီဗွီမှ ထောက်ခံမှုပေးထားသော စားပွဲတင်ဒေါက်မှ လွဲ၍ အခြားမည်သည့် စားပွဲတင်ဒေါက်ကိုမှ မသုံးပါနှင့်။**

- ထိုသို့မဟုတ်ပါက တီဗွီသည်ပြုတ်ကျ၍ ပျက်စီးသွားနိုင်ပြီး ထိခိုက်ဒဏ်ရာ ရနိုင်သည်။

**အကယ်၍ စားပွဲတင်ဒေါက်သည် မှုမမှန် လာခြင်း (သို့) ရုပ်ပိုင်းဆိုင်ရာ ပျက်စီးလာပါက အသုံးမပြုပါနှင့်။**

- အကယ်၍ သင်သည် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးနေသော စားပွဲတင်ဒေါက်ကို အသုံးပြုပါက ထိခိုက်ဒဏ်ရာ ရရှိနိုင်ပါသည်။ သင်၏ ပန်နာဆိုးနှစ်ကိုယ်စားလှယ်နှင့် ချက်ချင်းဆက်သွယ်ပါ။

**တပ်ဆင်စဉ်အတွင်း မူလီများ အားလုံး လုံလုံခြုံခြုံတင်းကျပ်စွာ ဖြစ်ကြောင်းသေချာပါစေ။**

- အကယ်၍ တပ်ဆင်စဉ်တွင်း မူလီများကို တင်းတင်းကျပ်ကျပ် သေချာစေရန် ဂရုစိုက်မှု မလုံလောက်ပါက စားပွဲတင်ဒေါက်သည် တီဗွီကိုထောက်ပံ့ရန် လုံလောက်မှု မရှိပါ။ ၎င်းသည် ပြုတ်ကျ၍ ပျက်စီးသွားနိုင်ပြီး ထိခိုက်ဒဏ်ရာ ရခြင်းလည်း ဖြစ်နိုင်ပါသည်။

**တီဗွီပြုတ်မကျကြောင်း သေချာပါစေ။**

- တီဗွီကိုလက်နှင့် ထုခေါက်ခြင်း (သို့) ကလေးများက တီဗွီတွင် တပ်ဆင်ထားသော စားပွဲတင်ဒေါက် တပ်လျှင် တီဗွီ ပြုတ်ကျပြီး ထိခိုက်ဒဏ်ရာ ရရှိနိုင်ပါသည်။

**တီဗွီကို တပ်ဆင်ရန်နှင့် ဖြုတ်ရန်အတွက် လူနှစ်ဦး (သို့) ထက်ပို၍ လိုအပ်သည်။**

- အကယ်၍ လူနှစ်ဦး (သို့) ပိုသောလူများ မရှိပါက တီဗွီ ပြုတ်ကျပြီး ထိခိုက်ဒဏ်ရာ ရနိုင်ပါသည်။

**တီဗွီမှ စားပွဲတင်ဒေါက် ဖြုတ်သော အခါတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းထက် အခြားနည်းလမ်းများဖြင့် စားပွဲတင်ဒေါက်ကို မဖယ်ရှားပါနှင့်။**

- သို့မဟုတ်ပါက တီဗွီနှင့် အောက်ခံသည် ပြုတ်ကျ၍ ပျက်စီးသွားနိုင်ပြီး ထိခိုက်ဒဏ်ရာ ရနိုင်ပါသည်။

**ပုံတွင် ဖော်ပြထားသော ထုတ်ကုန်၏ အသွင်အပြင်သည် သင်၏ အမှန်တကယ် ထုတ်ကုန်နှင့် ကွာခြားနိုင်ပြီး ကိုးကားရန် ရည်ရွယ်ချက်အတွက်သာ ဖြစ်သည်။**

### တီဗွီမှ စားပွဲတင်ဒေါက်ဖယ်ရှားခြင်း

တီဗွီအားနံရံကပ်စင်နှင့် အသုံးပြုသောအခါ (သို့) ပြန်လည်တပ်ဆင်သော အခါ အောက်ခံကို ဖြုတ်ရာတွင် အောက်ပါနည်းအတိုင်းပြုလုပ်ကြောင်းသေချာပါစေ။

၁. တီဗွီတွင်တပ်ဆင်ထားသော မူလီများကိုဖယ်ပါ။

၂. စားပွဲတင်ဒေါက်ကို တီဗွီမှ ဖြုတ်ပါ။

၁. ကျေးဇူးပြုပြီး အထုပ်ထဲမှ အပိုပစ္စည်းအိတ်ကို ထုတ်ပြီးအောက်မှာ ပြထားသော အစိတ်အပိုင်းများ ပျောက်ဆုံးမှုမရှိကြောင်း စစ်ဆေးပါ။ မပြည့်စုံပါက ကျေးဇူးပြုပြီး သင်၏ ပြည်တွင်းဖြန့်ချိသူနှင့် ဆက်သွယ်ပါ။




**မှတ်ချက်။** ။ ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

၂. တီဗွီကို ထုတ်ပါ။ ပျော့ပျောင်းသော အထည် (သို့) ကူရှင်ဖြင့် တည်ငြိမ်ပြီးညီညာသော စားပွဲပေါ်တွင် မျက်နှာပြင်ကို အောက်ဘက်ထား၍ ဂရုတစိုက် တင်ပါ။




**မှတ်ချက်။** ။ ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

၃. ကိုက်ညီသော မူလီများကို အပေါက်များထဲသို့ထည့်၍ကျပ်အောင်ပြုလုပ်ပြီးနောက် တီဗွီနှင့်အခြေကိုဆက်သွယ်ပါ။



## တီဗွီထိန်းချုပ်မှုခလုတ်

### ■ ပါဝါညွှန်ပြချက်




မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

- အနီရောင်အလင်း ။အရန်သင့်အခြေအနေ
- အစိမ်းရောင်အလင်း ။လုပ်ဆောင်နေသောအနေအထား
- အလင်းရောင်မရှိ ။ ပါဝါပိတ်ထားသည်။

### ■ လှုပ်ရှားရသောခလုတ်




မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

- **အလယ်ကိုနှိပ်ပါ :**
  ၁. အရန်သင့်အခြေအနေတွင်၎င်းကိုနှိပ်ခြင်းဖြင့်တီဗွီဖွင့်နိုင်သည်။
  ၂. အိုအက်စ်ဒီ(OSD)မပါဘဲချိတ်ဆက်ထားသည့်ကိရိယာများကိုရွေးချယ်ရာတွင်သုံးသောမီနူးခလုတ်ကိုခေတ္တဖိထားပါ။တီဗွီကိုအရန်သင့်အနေအထားပြောင်းရန်ခလုတ်ကိုအချိန်ကြာကြာဖိထားပါ။
  ၃. အိုအက်စ်ဒီ(OSD)ပါလျှင်ရွေးချယ်မှုကိုအတည်ပြုရန်ခလုတ်ကိုခေတ္တဖိထားပါ။တီဗွီကိုအရန်သင့်အနေအထားပြောင်းရန်ခလုတ်ကိုအချိန်ကြာကြာဖိထားပါ။
- **ဘယ်ကိုတွန်းပါ :** အသံတိုးရန်(သို့)ဘယ်ကိုသွားရန်
- **ညာကိုတွန်းပါ :** အသံကျယ်ရန်(သို့)ညာကိုသွားရန်
- **အနောက်ကိုတွန်းပါ :** အပေါ်ရုပ်သံလိုင်း(သို့)အပေါ်ကိုသွားရန်
- **အရှေ့ကိုတွန်းပါ :** အောက်ရုပ်သံလိုင်း(သို့)အောက်ကိုသွားရန်

### ■ တီဗွီအပေါက်များ







မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

**၁. ယူအက်စ်ဘီ ၁**

ယူအက်စ်ဘီ(USB)စက်ပစ္စည်းများကိုတီဗွီနှင့်ချိတ်ဆက်ပေးသည်။




**မှတ်ချက်**

၁. ပုံသည်ကိုးကားရန် အတွက်သာဖြစ်သည်။

၂. ယူအက်စ်ဘီ(USB)စက်ကိုအသုံးပြုနေစဉ်ယူအက်စ်ဘီကိုဖြုတ်ခြင်း(သို့) တီဗွီကိုပိတ်ခြင်းမပြုလုပ်ပါနှင့်။

**၂. အေအန်တီ**

အင်တာနာ(သို့) ကေဘယ်မှလိုင်းဖမ်းယူရန်နှစ်ထပ်ကေဘယ်နှင့်ချိတ်ဆက်ပါ။




**မှတ်ချက်**

၁. ပုံသည်ကိုးကားရန် အတွက်သာဖြစ်သည်။

၂. တီဗွီအောက်တွင် အာအက်ဖ်(RF)ကေဘယ်ကြိုးကိုမထားပါနှင့်။

၃. အရည်အသွေးကောင်းသောပုံရိပ်နှင့်အသံကိုရရှိရန် မှန်ကန်သောကေဘယ်ကြိုး (၇၅ Ω လျှပ်ကာကြိုးကောင်းမွန်စွာသုံးထားသောအင်တာနာကြိုး ) နှင့်မှန်ကန်သောအပေါက်ဖြစ်ရန်လိုအပ်ပါသည်။

၄. အကယ်၍အများသုံးအင်တာနာစနစ်ကိုအသုံးပြုပါကတီဗွီနှင့်နံရံအင်တာနာပလပ်ခုံကြားတွင်မှန်ကန်သောချိတ်ဆက်ကေဘယ်ကြိုးနှင့်ပလပ်ခေါင်းကိုလိုအပ်ပါသည်။

၅. သင်၏တီဗွီဆားဗစ်စင်တာ(သို့)အရောင်းကိုယ်စားလှယ်သည်သတ်မှတ်ဧရိယာနှင့် လိုအပ်သောတွဲဖက်ပစ္စည်းများအတွက်မှန်ကန်သောအင်တာနာစနစ်ကိုရရှိရန် ကူညီပေးနိုင်ပါသည်။

၆. အင်တာနာတပ်ဆင်ခြင်း၊လက်ရှိစနစ်များနှင့် လိုအပ်သောတွဲဖက်ပစ္စည်းများအဆင့်မြှင့်တင်ခြင်းနှင့်ပက်သက်သောကိစ္စရပ်များနှင့်ကျသင့်သောကုန်ကျစရိတ်များသည် သုံးစွဲသူ၏တာဝန်သာဖြစ်သည်။

### ၃. ဒစ်ဂျစ်တယ်အသံထွက်သည့်အပေါက်

တီဗွီ၏ဒစ်ဂျစ်တယ်အသံကိုငှင်းနှင့်တွဲဖက်သုံးနိုင်သောအသံစက်သို့ထုတ်ပေးသည်။




**မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။**

### ၄. အိတ်ချ်ဒီအမ်အိုင် ၁/၂

ဒီဗွီဒီကဲ့သို့လိုင်းဖမ်းစက်မှ အိတ်ချ်ဒီအမ်အိုင်အဝင်လိုင်းကိုဖမ်းယူပေးသည်။




**မှတ်ချက်**

၁. ပုံသည်ကိုးကားရန်အတွက်သာဖြစ်သည်။

၂. အကယ်၍ပြင်ပကိရိယာတွင်ဒီဗွီအိုင်(DVI)အထွက်ပေါက်သာရှိပါက အိတ်ချ်ဒီအမ်အိုင် အပေါက်နှင့်ချိတ်ဆက်ရန် ဒီဗွီအိုင်မှ အိတ်ချ်ဒီအမ်အိုင်ဖြင့်ချိတ်ဆက်ရန်ကြားခံအသုံးပြုသည့်ကြိုးကိုအသုံးပြုပါ။

၃. အသံထွက်သည့် အရင်းအမြစ်ကို ရွေးချယ်နိုင်ရန်အတွက် ပထမဦးစွာ အိတ်ချ်ဒီအမ်အိုင် ထောက်ပံ့ပေးထားသော အသံထုတ်ပေးနိုင်သည့်စက် သင့်မှာရှိရမည်။ ထို့နောက် ၄င်းတို့ကို တီဗွီ၏ အိတ်ချ်ဒီအမ်အိုင် ၂အပေါက်နှင့် ချိတ်ဆက်ပါ။ တီဗွီတွင် အသံထွက်သည့် အရင်းအမြစ်ကို လုပ်ဆောင်မည်ဟု ရွေးချယ်လိုက်သောအခါ တီဗွီ၏ စပီကာသည် အလိုအလျောက်ပိတ်သွား၍ ချိတ်ဆက်ထားသော အသံထွက်သည့် စက်မှ နေ၍ အသံများထွက်လာသည်။

### ၅. အေဗွီအဝင်

ဒီဗွီဒီ ကဲ့သို့လိုင်းဖမ်းစက်မှအသံနှင့်ပုံရိပ်လိုင်းကို ဖမ်းယူပေးသည်။




**မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။**

### ၆. အသံထွက်ပေါက်

စပီကာမှ အသံပျောက်သွားလိမ့်မည် မဟုတ်ပါ။အသံကို ပုံသေထားရမည်။




**မှတ်ချက်**

၁. ပုံသည်ကိုးကားရန် အတွက်သာဖြစ်သည်။

၂. နားကြပ်ကိုအသုံးပြုသည့်အခါ အသံအလွန်အကျွံ ကျယ်ခြင်းအဆင့်ကိုရှောင်ရှားနိုင်ရန်အသံအတိုးအချဲ့ကိုချိန်ညှိပါ။ အကြားအာရုံပျက်စီးနိုင်ပါသည်။

## ■ ပါဝါချိတ်ဆက်မှုများ



**မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။**

ပါဝါမီးကြိုးကိုပလပ်ခုံတွင်တပ်ဆင်ပါ။
(၁၀၀–၂၄၀ ဗို့ ~၅၀/၆၀ဟတ်ဇ်)

## အဝေးထိန်းခလုတ်ဓာတ်ခဲများဖြုတ်ခြင်း/တပ်ခြင်း

၁




၂




မှန်ကန်သောပိုစွန်း(+/-)ကိုထည့်ပါ။

**မှတ်ချက်။ ။ပုံများသည်ကိုးကားရန်အတွက်သာဖြစ်သည်။**

**အရေးကြီးသတိပေးချက်**

- ဓာတ်ခဲအားမှားယွင်းစွာတပ်ဆင်ခြင်းသည်အဝေးထိန်းကိရိယာ ကိုပျက်စီးစေသည့်ဘက်ထရီယိုစိမ့်ခြင်းနှင့်အက်ဆစ်စားခြင်းဖြစ်နိုင်သည်။
- ဓာတ်ခဲအဟောင်းနှင့်ဓာတ်ခဲအသစ်များကိုရောမသုံးပါနှင့်။
- အမျိုးအစားတူညီသောဓာတ်ခဲဖြင့်သာအစားထိုးပါ။မတူညီသောဓာတ်ခဲအမျိုးအစားများကိုရောမသုံးပါနှင့်။( အယ်ကာလီနှင့်မန်ဂနီးစ်ဓာတ်ခဲ)
- အားပြန်သွင်း၍သုံးနိုင်သော(Ni-cd)ဓာတ်ခဲများကိုမသုံးပါနှင့်။
- ဓာတ်ခဲများကိုမီးရှို့ခြင်း၊ချိုးဖဲ့ခြင်းမပြုလုပ်ပါနှင့်။
- ဓာတ်ခဲများကိုနေရောင်ခြည်မီးကဲ့သို့အပူလွန်ကဲသောအရာများနှင့်မထိပါနှင့်။
- ဓာတ်ခဲကိုမှန်ကန်သည့် နေရာတွင်ပစ်ပါ။
- ဓာတ်ခဲများကိုမှန်ကန်စွာ အစားထိုးပါ။ဓာတ်ခဲကိုပြောင်းပြန်တပ်ဆင်ထားပါကပေါက်ကွဲမှုအန္တရာယ်ဖြစ်နိုင်ပါသည်။
- အဝေးထိန်းကိရိယာကိုဖြုတ်ခြင်း(သို့)ပြုပြင်မွမ်းမံခြင်းမပြုလုပ်ပါနှင့်။

## အဝေးထိန်းခလုတ်




**မှတ်ချက်။ ။ပုံများသည်ကိုးကားရန်အတွက်သာဖြစ်သည်။**

(၁) **Power** ፡ တီဗွီကိုဖွင့်ရန်(သို့) အရန်သင့်အနေအထားပြောင်းရန်၊
(၂) **AV** ፡ ချိတ်ဆက်ထားသောစက်များရွေးချယ်ရန်၊
(၃) **MEDIA PLAYER** ፡ မီဒီယာရုပ်သံကိုပြန်၍ဖွင့်နိုင်သောဆော့ဝဲ၏ကြားခံစနစ်ကို ရယူရန်၊
(၄) **TV** ፡ တီဗွီလိုင်းများကိုပြောင်းရန်၊
(၅) **MENU** ፡ ပင်မမီနူးကိုဝင်ရန်၊
(၆) **GUIDE** ፡ ပရိုဂရမ်လမ်းညွှန်ကိုရယူရန်၊
(၇) **TEXT** ፡ ပရိုဂရမ်၏အချက်အလက်များကိုကြည့်ရှုနိုင်သည့်ဖန်ရှင်ကိုဖွင့်ရန်(သို့)ပိတ်ရန်၊
(၈) **STTL/AD** ፡ စာတန်း(သို့)အသံဖော်ပြချက်ဖန်ရှင်ကိုဖွင့်ရန်(သို့)ပိတ်ရန်၊
(၉) **INFO** ፡ အသေးစိတ်အချက်အလက်ကိုပြရန်၊
(၁၀) **EXIT** ፡ လက်ရှိအသုံးပြုမှုမှထွက်သည်၊
(၁၁) **Navigation Buttons** ፡ မီနူးကိုလမ်းညွှန်ရန်၊
**(▲/▼/◀/▶)**
(၁၂) **OK** ፡ ရွေးချယ်မှုကိုအတည်ပြုသည်၊
(၁၃) **OPTION** ፡ အသုံးများသောဖန်ရှင်များကိုအမြန်သုံးနိုင်ရန်စီစဉ်ထားသောမီနူး၊
(၁၄) **RETURN** ፡ နောက်ဆုံးကြည့်ခဲ့သောမီနူးသို့ပြန်သွားရန်၊
(၁၅) **Color Buttons(RED/GREEN/YELLOW/BLUE )** ፡
တီဗွီမျက်နှာပြင်တွင်ပေါ်သောကီးဘုတ်တွင်စာရိုက်ရာ၌သုံးသည့်ဖန်ရှင်ကိုဆောင်ရွက်ရန်၊
(၁၆) **VOL +/-** ፡အသံကိုကျယ်ခြင်း၊တိုးခြင်း ပြုလုပ်သည်၊
(၁၇) **CH ∧/∨** ፡ နောက်လာမည့်ရုပ်သံလိုင်း/ယခင်ရုပ်သံလိုင်းကိုပြောင်းရန်၊
(၁၈) **ASPECT** ፡ ပုံပန်းသွင်ပြင်အချိုးအစားကိုပြောင်းရန်၊
(၁၉) **MUTE** ፡ အသံကိုပိတ်ခြင်း(သို့) မူလအတိုင်းထားရန်၊
(၂၀) **Number Buttons (0~9)or Letter Buttons(a~z)** ፡
နံပါတ်များ(သို့)အက္ခရာစဉ်စာလုံးများကိုထည့်သွင်းရန်၊
(၂၁) **STILL** ፡ ရုပ်ပုံများကိုရပ်ထားခြင်း(သို့)ရပ်ထားရာမှဖွင့်ခြင်းပြုလုပ်ရန်၊
(၂၂) **LAST VIEW** ፡ နောက်ဆုံးကြည့်ရှုခဲ့သောရုပ်သံလိုင်းကိုပြန် သွားရန်၊

# တီဗွီကိုကြည့်ရှုခြင်း

## တီဗွီကိုဖွင့်ခြင်း(သို့)ပိတ်ခြင်း

၁. လျှပ်စစ်မီးကြိုးကိုတီဗွီနှင့်ပလပ်ခုံတွင်တပ်ပါ။ထို့နောက်တီဗွီသည်အရန်သင့်အနေအထား သို့ပြောင်းသွားပါမည်။

၂. အရန်သင့်အနေအထားတွင်တီဗွီကိုဖွင့်ရန် "Power" ခလုတ်ကိုနှိပ်ပါ။

၃. အလုပ်လုပ်နေသောအခြေအနေတွင်တီဗွီကိုအရန်အသင့်အနေအထားသို့ပြောင်းရန် "Power" ခလုတ်ကိုနှိပ်ပါ။

၄. တီဗွီကိုပိတ်ရန် လျှပ်စစ်မီးကြိုးကိုဖြုတ်ပါ။

## ချိတ်ဆက်ထားသည့်စက်ကိုရွေးချယ်ခြင်း

၁. ချိတ်ဆက်ထားသည့်စက်စာရင်းကိုဝင်ရန် AV ခလုတ်ကိုနှိပ်ပါ။

၂. သတ်မှတ်လိုသော ချိတ်ဆက်ထားသည့်စက်ကို ▲/▼(သို့) **AV** ခလုတ်ကိုနှိပ်ပါ။

၃. ရွေးချယ်ထားသောချိတ်ဆက်ထားသည့်စက်ကိုရယူရန် OK ခလုတ်ကိုနှိပ်ပါ။




မှတ်ချက်။ ။ပုံများသည်ကိုးကားရန် အတွက်သာဖြစ်သည်။

## ရုပ်သံလိုင်းရွေးချယ်ခြင်း

၁. သတ်မှတ်လိုသောရုပ်သံလိုင်းကိုတိုက်ရိုက်ပြောင်းရန် နံပါတ်ပါသောခလုတ်များ (0~9) ကိုနှိပ်ပါ။

၂. နောက်လာမည့်ရုပ်သံလိုင်း(သို့) ယခင်ရုပ်သံလိုင်းကိုပြောင်းရန်CH **∧/∨** ခလုတ်ကိုနှိပ်ပါ။

၃. ဒီတီဗွီ(DTV)အစီအစဉ်များကိုကြည့်ရှုနေစဉ်လက်ရှိရက်စွဲမှရက်အတွင်းပြသသည့်ရုပ်သံလိုင်းအစီအစဉ်စာရင်းကိုရယူရန် GUIDE ခလုတ်ကိုနှိပ်ပါ။
ယခင်ရက်ကိုပြောင်းရန် YELLOW ခလုတ်ကိုနှိပ်ပါ။
နောက်ရက်ကိုပြောင်းရန် BLUE ခလုတ်ကိုနှိပ်ပါ။
သတ်မှတ်လိုသော ရုပ်သံလိုင်းကိုရွေးရန် ▲/▼ခလုတ်ကိုနှိပ်ပါ။

၄. တီဗွီအစီအစဉ်များကိုကြည့်ရှုနေစဉ်ရုပ်သံလိုင်းစာရင်းကိုရယူရန် OK ခလုတ်ကိုနှိပ်ပါ။
သတ်မှတ်လိုသောရုပ်သံလိုင်းကိုရွေးရန် ▲/▼ခလုတ်ကိုနှိပ်ပါ။

## မိန်းမီနူး

**အဆင့်၁** : မိန်းမီနူးကိုရယူရန် မီနူးကိုနှိပ်ပါ။

**အဆင့်၂** : မီနူးအခွဲကိုရွေးရန် ▲/▼ခလုတ်ကိုနှိပ်ပါ။(**Pictuer,Sound Timer,Setup,Lock**(သို့)**Channel**ဟူသည့်) **OK**ခလုတ်ကိုနှိပ်၍ဝင်ပါ။

**အဆင့်၃** : အချက်ရွေးရန် ▲/▼ ကိုနှိပ်၍ဝင်ရန် **OK**ခလုတ်ကိုနှိပ်ပါ။

**အဆင့်၄** : ရွေးချယ်ထားသောအချက်ကိုချိန်ညှိရန် ▲/▼(သို့)▲/▼ ခလုတ်ကိုနှိပ်ပါ။

**အဆင့်၅** : အပေါ်အဆင့်မီနူးကိုပြန်သွားရန် **RETURN** ခလုတ်ကိုနှိပ်ပါ။

**အဆင့်၆** : ပင်မမီနူးအသုံးပြုမှုကိုထွက်ရန် **EXIT** ခလုတ်ကိုနှိပ်ပါ။

**မှတ်ချက်** : အချို့အချက်များသည်အချို့နိုင်ငံများ၊မော်ဒယ်များ(သို့)အချို့သောရွေးချယ်နိုင်သည့်ချိတ်ဆက်ထားသည့်အရင်းအမြစ်များအတွက်အသုံးမပြုနိုင်ပါ။

## ရုပ်ပုံမီနူး







မှတ်ချက်။ ။ပုံများသည်ကိုးကားရန် အတွက်သာဖြစ်သည်။

## ■ ရုပ်ပုံစနစ်

သတ်မှတ်လိုသောဓာတ်ပုံစနစ်ကိုရွေးချယ်ပါ။ရွေးချယ်စရာများမှာ **Standard,Mild, User,Dynamic** တို့ဖြစ်သည်။**Contrast,Brightness,Color, Tint,Sharpness** (သို့) **Backlight** ဟူသည့်အချက်၆ခုမှ၁ခုကိုချိန်ညှိပါက User မုဒ်သို့အလိုအလျောက်ကျော်ပေးပါသည်။

## ■ Constrast (အလင်းအမှောင်)

ရုပ်ပုံ၏အလင်းအမှောင်နေရာများအကြားရှိကွဲပြားခြားနားမှုကိုချိန်ညှိသည်။

## ■ Brightness (အလင်းရောင်)

ရုပ်ပုံ၏အလင်းရောင်ကိုချိန်ညှိသည်။

## ■ Color (အရောင်)

ရုပ်ပုံ၏အရောင်လှပဆန်းကြယ်မှုကိုချိန်ညှိသည်။

## ■ Tint (အရောင်အသွေး)

ရုပ်ပုံ၏အရောင်အသွေးကိုချိန်ညှိသည်။၎င်းသည် အန်တီအက်စ်စီ(**NTSC**)စနစ်အတွက် သာအသုံးဝင်ပါသည်။

## ■ Sharpness (ပြတ်သားကြည်လင်မှု)

ရုပ်ပုံ၏အစွန်းကိုချိန်ညှိသည်။

## ■ Backlight (နောက်ခံမီး)

တီဗွီဖန်သားပြင်၏အလင်းရောင်ကိုချိန်ညှိသည်။

## ■ အရောင်အပူချိန်

တီဗွီဖန်သားပြင်၏အလင်းရောင်ကိုချိန်ညှိသည်။ရွေးချယ်စရာများမှာ**Medium,Warm** (သို့)**Cool** တို့ဖြစ်သည်။

## ■ ပုံပန်းသွင်ပြင်အချိုးအစား

သတ်မှတ်လိုသောပုံပန်းသွင်ပြင်အချိုးအစားကိုရွေးချယ်ပါ။ ရွေးချယ်စရာများသည်မတူညီသော ချိတ်ဆက်သည့်စက်များအရကွဲပြားနိုင်သည်။

- ဒီတီဗွီအတွက်ရွေးချယ်စရာများမှာ ၁၆း၉ /အကျယ်ချဲ့၁ /အကျယ်ချဲ့၂/အလိုအလျောက်/ ၄ း ၃ဖြစ်သည်။
- အေတီဗွီ နှင့်အေဗွီ အတွက် ရွေးချယ်စရာများမှာ၁၆ း၉ / အကျယ်ချဲ့၁ / အကျယ်ချဲ့၂ / ၄ း၃ဖြစ်သည်။
- အိတ်ချ်ဒီအမ်အိုင်အတွက်ရွေးချယ်စရာများမှာ၁၆ း ၉/အကျယ်ချဲ့၁ / အကျယ်ချဲ့၂/ ရှာဖွေရန်၄ း ၃ဖြစ်သည်။
- ယူအက်စ်ဘီအတွက်ရွေးချယ်စရာများမှာ၁၆ း ၉ / အလိုအလျောက် /၄ း၃ဖြစ်သည်။

## ■ ဆူညံသံများကိုလျှော့ချခြင်း

ရုပ်ပုံလိုင်းရှိဆူညံသံများကိုလျှော့ချပေးသည်။**Middle,High,Off**နှင့်**Low**တို့ဖြစ်သည်။

## ■ အမ်ပီအီးဂျီ(MPEG)ဆူညံသံများကိုလျှော့ချခြင်း

အမ်ပီအီးဂျီရုပ်ပုံလိုင်းကိုပြောင်းခြင်း(သို့)ချုံ့ခြင်းပြုလုပ်သည့်အခါထွက်လာသောဆူညံသံကို လျှော့ချပေးသည်။ရွေးချယ်စရာများမှာ**Middle,High,Off**နှင့်**Low**တို့ဖြစ်သည်။

## ■ စက်ရုံမှချိန်ညှိထားသည့်ပုံစံဖြစ်အောင်ပြန်ထားသည်။

အသံချိန်ညှိချက်အားလုံးကိုစက်ရုံမှချိန်ညှိထားသည့် တန်ဖိုးအတိုင်းပြန်ထားသည်။

# အသံမီနူး




**မှတ်ချက်။** ။ပုံများသည် ကိုးကားရန် အတွက်သာဖြစ်သည်။

## ■ အသံမုဒ်

သတ်မှတ်လိုသောအသံစနစ်ကိုရွေးချယ်ပါ။ရွေးချယ်စရာများမှာ **Standard, Music,Movie,News** နှင့် **Balance** တူသည့်အချက်၃ခုမှတစ်ခုကို ချိန်ညှိပါက "သုံးစွဲသူ" စနစ်သို့အလိုအလျောက်ကျော်သွားပါမည်။

## ■ အနိမ့်သံ

အသံ၏ပိုနိမ့်သောကြိမ်နှုန်းကိုချိန်ညှိသည်။

## ■ အမြင့်သံ

အသံ၏ပိုမြင့်သောကြိမ်နှုန်းကိုချိန်ညှိသည်။

## ■ ဝွင်ဖက်ညီမျှမှု

ဘယ်ဘက်စပီကာနှင့်ညာဘက်စပီကာ၏ဝွင်ဖက်ညီမျှမှုကိုထိန်းချုပ်ပေးသည်။

## ■ အလိုအလျောက်အသံအတိုးအကျယ်ပမာဏ

ဝင်ရောက်လာသောရုပ်သံထုတ်လွှင့်ချက်အပေါ်မူတည်၍အသံအတိုးအကျယ်ပမာဏကို ချိန်ညှိရန်ခလုတ်ဖွင့်သည်။

## ■ ပတ်လည်ကြားအသံစနစ်

စတူဒီယိုအသံထုတ်လွှင့်သည့်စက်များမှကောင်းမွန်၍ကျယ်လောင်သောအသံကိုဖန်တီးသည်။

## ■ အက်စ်ပီဒီအိုင်အက်ဖ်မုဒ်

ပီစီအမ်နှင့်အလိုအလျောက်စနစ်အကြားသတ်မှတ်လိုသောအက်စ်ပီဒီအိုင်အက်ဖ်မုဒ်ကို ရွေးချယ်သည်။

## ■ စက်ရုံမှချိန်ညှိထားသည့်ပုံစံဖြစ်အောင်ပြန်ထားသည်။

အသံချိန်ညှိချက်အားလုံးကိုစက်ရုံမှချိန်ညှိထားသည့် တန်ဖိုးအတိုင်းပြန်ထားသည်။

## တိုင်မာမီနူး




မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

■ **အချိန်အပိုင်းအခြား**

အချိန်အပိုင်းအခြားကိုရွေးချယ်သည်။

■ **အလိုအလျောက်ချိန်ညှိခြင်း**

တီဗွီ၏ နာရီကို အလိုအလျောက် (သို့) ကိုယ်တိုင် ရွေးချယ်ချိန်ညှိနိုင်သည်။

■ **နာရီ**

နေ့စွဲနှင့်အချိန်ကိုပြသသည်။

■ **ပိတ်သည့်တိုင်မာ**

တီဗွီကိုအလိုအလျောက်ပိတ်ရန်တိုင်မာကိုချိန်ညှိပေးသည်။ရွေးချယ်စရာများမှာ **OFF, 15min,30min,45min,60min,120min** နှင့် **180min** တို့ဖြစ်သည်။

■ **အလိုအလျောက်ပိတ်ခြင်း**

ရွေးချယ်ထားသည့်အချိန်အတွင်းအသုံးပြုမှုမရှိသည့်အခါတီဗွီကိုအလိုအလျောက်ပိတ်ရန်တိုင်မာကိုချိန်ညှိပေးသည်။ရွေးချယ်စရာများမှာ **OFF,4hours ,6hours,8hours** တို့ဖြစ်သည်။

■ **အိုအက်စ်ဒီတိုင်မာ**

မီနူးပြသချက်ကို မပျောက်သေးဘဲထိန်းထားရမည့်အချိန်ကိုရွေးချယ်သည်။ ရွေးချယ်စရာများမှာ **5s,10s,25s** နှင့် **30s**တို့ဖြစ်သည်။

■ **အိုအက်စ်ဒီဘာသာစကား**

သတ်မှတ်လိုသော အိုအက်စ်ဒီ ဘာသာစကားကိုရွေးချယ်ပေးသည်။

■ **အသံဘာသာစကားများ**

ပထမအဆင့်နှင့်ဒုတိယအဆင့်အသံဘာသာစကားများကိုရွေးချယ်ပေးသည်။ ဒီတီဗွီစက်အတွက်သာအသုံးဝင်သည်။

## ချိန်ညှိနိုင်သောမီနူး




မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။

■ **ဘာသာစကားစာတန်းထိုးခြင်း**

စာတန်းထိုးရာတွင် ပထမ ဘာသာစကားနှင့် ဒုတိယ ဘာသာစကားများကို ရွေးချယ်နိုင်ပါသည်။ ဤဖန်ရှင်ကို ဒီဂျစ်တယ် တီဗွီ အရင်းအမြစ်တွင်သာ အသုံးပြုနိုင်သည်။

■ **စက်ရုံမှချိန်ညှိထားသည့်ပုံစံဖြစ်အောင်ပြန်ထားသည်။**

မီနူးချိန်ညှိချက်အားလုံးကိုစက်ရုံမှချိန်ညှိထားသည့်တန်ဖိုးအတိုင်းပြန်ထားသည်။

**မှတ်ချက်။** ။သုံးစွဲသူ၏အချက်အလက်အားလုံးသည်ဤဖန်ရှင်ကိုအသုံးပြုပြီးနောက်ပျောက်ဆုံးနိုင်ပါသည်။

■ **ချိတ်ဆက်မှု**

အိတ်ချ်ဒီအမ်အိုင်နှင့်ချိတ်ဆက်နိုင်သောစက်ပစ္စည်းကိုထိန်းချုပ်ရန်ချိန်ညှိပေးသည်။

- **HDMI Link** ： အိတ်ချ်ဒီအမ်အိုင်ချိတ်ဆက်မှုဖန်ရှင်ကိုဖွင့်ခြင်း(သို့) ပိတ်ခြင်းပြုလုပ်သည်။
- **အသံအထွက်** ： အသံအထွက်ဖန်ရှင်ကိုဖွင့်ခြင်း (သို့)ပိတ်ခြင်းပြုလုပ်သည်။
- **အလိုအလျောက်အသင့်အနေအထား** ： တီဗွီကိုပိတ်လိုက်သည့်အခါ **HDMI** နှင့်ချိတ်ဆက်ထားသောစက်ပစ္စည်းကိုအသင့်အနေအထားသို့အလိုအလျောက်ပြောင်းသည်။
- **စက်ပစ္စည်းစာရင်း** ： တီဗွီနှင့်ချိတ်ဆက်ထားသော**HDMI**စက်ပစ္စည်းစာရင်းကိုပြသည်။

■ **တည်နေရာ**

တီဗွီပတ်ဝန်းကျင်ကို "Shop"ဆိုင်နှင့် "Home"အိမ်အကြားတွင်ရွေးချယ်ပါ။

- **အိမ်မုဒ်** **Home mode** ： ပုံရိပ်နှင့်အသံမုဒ်များအတွက်သာမန်ချိန်ညှိချက်ဖြင့်ကြည့်နိုင်သည်။
- **ဆိုင်မုဒ်** **Shop mode** ： ပုံရိပ်နှင့်အသံမုဒ်များအတွက်ပိုကောင်းသောချိန်ညှိချက်ဖြင့်ကြည့်နိုင်ပါသည်။

■ **ဆော့ဝဲလ်အဆင့်မြှင့်ခြင်း**

ယူအက်စ်ဘီကိရိယာကိုဆော့ဝဲအသစ်နှင့်ချိတ်ဆက်ခြင်းဖြင့်တီဗွီဆော့ဝဲလ်စနစ်ကိုအဆင့်မြှင့်ပေးသည်။

■ **ချိတ်ဆက်နိုင်သည့်အပေါက်**

ချိတ်ဆက်မည့်အရင်း အမြစ်ကို ရွေးချယ်နိုင်ပါသည်။

■ **လိုင်းရှာဖွေရန်အသင့်အနေအထား**

တီဗွီကို ဖွင့်လိုက်သော အခါ ဒီဂျစ်တယ်တီဗွီ အစီအစဉ်များကို အလိုအလျောက် ရှာဖွေသည်။ ဤစနစ်သည် အချို့သော နိုင်ငံများအတွက်သာ ဖြစ်သည်။

## မကြည့်ရှုရန်၊မဖွင့်နိုင်ရန်အတွက်သုံးသောမီနူး




မှတ်ချက်။ ။ပုံများသည်ကိုးကားရန် အတွက်သာဖြစ်သည်။

■ မကြည့်ရှုရန်၊မဖွင့်ရန်အတွက်သုံးသောစနစ်
လော့ခ်စနစ်ကိုဖွင့်သည်(သို့)ပိတ်သည်။

■ လျှို့ဝှက်ကုဒ်ထားခြင်း
လျှို့ဝှက်ကုဒ်ကိုသင့်စိတ်ကြိုက်ပြောင်းပါ။ မူလလျှို့ဝှက်ကုဒ်မှာ ၀၀၀၀ ဖြစ်သည်။
မှတ်ချက်။ ။အကယ်၍လျှို့ဝှက်ကုဒ်ပြောင်း၍မေ့သွားပါကစူပါလျှို့ဝှက်ကုဒ် ၈၈၉၉ ကိုအသုံးပြု၍လော့ခ်စနစ်ကိုဝင်နိုင်ပါသည်။

■ ရုပ်သံလိုင်းများကိုမကြည့်ရှုရန်ပိတ်ထားခြင်း
ရုပ်သံလိုင်းအချက်အလက်ပေါ်မူတည်၍သတ်မှတ်ရုပ်သံလိုင်းများကိုခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းကိုတားမြစ်ထားသည်။ မကြည့်ရှုရန်ပိတ်ထားသောရုပ်သံလိုင်းများကိုကြည့်ရှုရန်လျှို့ဝှက်ကုဒ်လိုအပ်ပါသည်။၎င်းသည် တီဗွီစက်အတွက်သာအသုံးဝင်ပါသည်။

■ မကြည့်ရှုရန်သုံးထားသောခလုတ်
လှုပ်၍ရသောခလုတ်ဖန်ရှင်ကိုပိတ်သည်။

■ အုပ်ထိန်းသူ၏လမ်းညွှန်မှု
အသက်အရွယ်သတ်မှတ်ချက်အပေါ်မူတည်၍ကလေးငယ်များအတွက်မသင့်လျော်သောအစီအစဉ်များကိုခွင့်ပြုချက်မရှိဘဲဝင်ရောက်ခြင်းကိုတားမြစ်ထားသည်။မကြည့်ရှုရန်ပိတ်ထားသောရုပ်သံအစီအစဉ်များကိုကြည့်ရန်လျှို့ဝှက်ကုဒ်လိုအပ်ပါသည်။ ၎င်းသည် တီဗွီအတွက်သာအသုံးဝင်ပါသည်။

## ရုပ်သံလိုင်းမီနူး




မှတ်ချက်။ ။ပုံများသည်ကိုးကားရန် အတွက်သာဖြစ်သည်။

■ အလိုအလျောက်ရုပ်သံလိုင်းများကိုဖမ်းယူခြင်း
ရုပ်သံလိုင်းများကိုအလိုအလျောက်ရှာဖွေပေးသည်။မရှာဖွေမီနိုင်ငံအမျိုးမျိုးမူတည်၍ကွဲပြားနိုင်သောအချိန်ညှိချက်များ(အသံလိုင်းဖမ်းသည့်အမျိုးအစားကိုရွေးပါ။နိုင်ငံကိုရွေးပါ။ (သို့)သင်နိုင်ငံ၏စာတိုက်သေတ္တာအမှတ်ကိုထည့်သွင်းပါ။)ကိုပြုလုပ်ရန်လိုအပ်ပါသည်။ “EXIT” ခလုတ်ကိုနှိပ်၍အလိုအလျောက်ရုပ်သံလိုင်းဖမ်းယူခြင်းမှထွက်မည်မထွက်မည်ကိုရွေးချယ်ပါ။အလိုအလျောက်ရုပ်သံလိုင်းဖမ်းယူခြင်းပြီးဆုံးပြီးနောက်ရှာဖွေထားသောရုပ်သံလိုင်းများသည်တီဗွီတွင်အလိုအလျောက်သိမ်းဆည်းလိမ့်မည်။

■ ဒစ်ဂျစ်တယ်တီဗွီလိုင်းများကိုကိုယ်တိုင်ဖမ်းယူခြင်း
ဒီတီဗွီရုပ်သံလိုင်းများကို ကိုယ်တိုင်ရှာဖွေပါ။မရှာဖွေမီရုပ်သံလိုင်းနံပါတ်ကိုရွေးချယ်ပါ။ရုပ်သံအစီအစဉ်တစ်ခုကိုရှာဖွေတွေ့ရှိသောအခါရှာဖွေမှုသည်အလိုအလျောက်ရပ်တန့်သွားပြီးအစီအစဉ်သည်ရွေးချယ်ထားသောရုပ်သံလိုင်းနေရာတွင်အလိုအလျောက်သိမ်းဆည်းလိမ့်မည်။ဒစ်ဂျစ်တယ်တီဗွီလိုင်းများကိုကိုယ်တိုင်ဖမ်းယူခြင်းမှထွက်ရန် “EXIT” ခလုတ်ကိုနှိပ်ပါ။

■ ကိုယ်တိုင်အေတီဗွီရုပ်သံလိုင်းကိုဖမ်းယူခြင်း
အေတီဗွီရုပ်သံလိုင်းများကိုကိုယ်တိုင်ရှာဖွေပါ။မရှာဖွေမီရုပ်သံလိုင်းနံပါတ်ကိုရွေးချယ်ပါ။ **(Storage To** နှင့် **Current CH)**(သို့) **Sound_Standard**။ **Scan search**ကိုရွေးရန်ရွေးချယ်မှုကိုစတင်ရန် ◀/▶ ခလုတ်ကိုနှိပ်ပါ။

- ပိုနိမ့်သောကြိမ်နှုန်းကိုရှာဖွေရန် ◀ ခလုတ်ကိုနှိပ်ပါ။
- ပိုမြင့်သောကြိမ်နှုန်းကိုရှာဖွေရန် ▶ ခလုတ်ကိုနှိပ်ပါ။

ရှာဖွေမှုသည်အစီအစဉ်ကိုရှာဖွေတွေ့ရှိသည့်အခါအလိုအလျောက်ရပ်သွားပါမည်။အစီအစဉ်ကိုသိမ်းရန် **RED** ခလုတ်ကိုနှိပ်ပါ။ကိုယ်တိုင်အေတီဗွီရုပ်သံလိုင်းဖမ်းယူခြင်းမှထွက်ရန် **EXIT**ခလုတ်ကိုနှိပ်ပါ။

- ♦ **အသေးစိတ်ရုပ်သံလိုင်းဖမ်းယူခြင်း** ။ အလိုရှိသောအေတီဗွီရုပ်သံလိုင်းကိုရွေး၍ရုပ်ပုံနှင့်အသံကိုစိတ်ကြိုက်ဖြစ်သည်အထိ ချိန်ညှိချက်များကိုပြုလုပ်ရန် ◀/▶ ခလုတ်ကိုနှိပ်ပါ။အသေးစိတ်ရုပ်သံလိုင်းဖမ်းခြင်းသည်ပုံမှန်အခြေအနေများတွင်မလိုအပ်ပါ။သို့သော်အရည်သွေးညံ့သောထုတ်လွှင့်မှုအခြေအနေများရှိသည့်နေရာများတွင်ပိုမိုကောင်းမွန်သောရုပ်ပုံနှင့်အသံရရန်ချိန်ညှိရန်လိုအပ်သောကြောင့်အသေးစိတ်ရုပ်သံလိုင်းဖမ်းယူခြင်းကိုအသုံးပြုပါ။

■ အစီအစဉ်ကိုတည်းဖြတ်ခြင်း
အစီအစဉ်များကိုတည်းဖြတ်ရန်အရောင်ပါသောခလုတ်များကိုနှိပ်ပါ။

- အစီအစဉ်တစ်ခုကို ဖျက်ရန် **RED**ခလုတ်ကိုနှိပ်ပါ။
- အစီအစဉ်တစ်ခုကို နာမည်ပြောင်းရန် **GREEN**ခလုတ်ကိုနှိပ်ပါ။၎င်းသည် အေတီဗွီအတွက်သာအသုံးဝင်နိုင်ပါသည်။
- အစီအစဉ်တစ်ခုကို ရွှေ့ရန် **YELLOW**ခလုတ်ကိုနှိပ်ပါ။
- အစီအစဉ်တစ်ခုကို ကျော်ရန် **BLUE**ခလုတ်ကိုနှိပ်ပါ။

■ ထုတ်လွှင့်မှုအချက်အလက်များ
လက်ရှိထုတ်လွှင့်ချက်၏အသေးစိတ်အချက်အလက်များကိုပြသည်။၎င်းသည်ဒီတီဗွီစက်အတွက်သာအသုံးဝင်ပါသည်။

■ ဆော့ဖ်ဝဲလ်ကိုအဆင့်မြှင့်ခြင်း(အိုအေဒီ)
ချိတ်ဆက်ထားသည့်စက်ကိုရွေးချယ်သည်။

■ အိုအေဒီစကင်
အသုံးပြုနိုင်သောအိုအေဒီဆော့ဖ်ဝဲအသစ်ထွက်ခြင်းအတွက်ရှာဖွေပေးသည်။၎င်းသည် **Software(OAD)**ကိုဖွင့်ထားသည့်အချိန်သာအသုံးဝင်ပါသည်။၎င်းသည်ဒီတီဗွီစက်အတွက်သာအသုံးဝင်ပါသည်။

■ **EWS** (ဒေသဆိုင်ရာစာတိုက်အမှတ်)
ဒေသဆိုင်ရာစာတိုက်သေတ္တာအမှတ်များထည့်သွင်းရန်နံပါတ်ပါခလုတ်များကိုအသုံးပြုပါ။

# မီဒီယာရုပ်သံလိုင်းများကိုပြန်လည်ဖွင့်နိုင်သောဆော့ဝဲကိုအသုံးပြုခြင်း

## ပြင်ဆင်ခြင်း

- တီဗွီဖန်သားပြင်ပေါ်တွင်လိုက်ဖက်သည့်ဓာတ်ပုံနှင့်ရုပ်ရှင်ကိုကြည့်ရှုရန်(သို့)တီဗွီမှလိုက်ဖက်သည့်တေးဂီတကိုဖွင့်ရန် ယူအက်စ်ဘီစက်ကိုတီဗွီတွင်ထိုးထည့်ပါ။
- အကယ်၍ချိတ်ဆက်ထားသော **USB hard disk** တွင်ပြင်ပလျှပ်စစ်ပမာဏမရှိပါကၡင်းကိုရှာမတွေ့ပါ။ပြင်ပလျှပ်စစ်ပမာဏကိုချိတ်ဆက်ပါ။
- ယူအက်စ်ဘီ ရှိဒေတာများဆုံးရှုံးခြင်း (သို့) ယူအက်စ်ဘီစက်ပျက်စီးခြင်းကိုကာကွယ်ရန် ယူအက်စ်ဘီစက်ရှိဒေတာအားလုံးကိုအရန်ကူးထားသင့်သည်။
- မီဒီယာရုပ်သံများကိုပြန်ဖွင့်နိုင်သောဆော့ဝဲတွင်ဖော်ပြထားသောထိန်းချုပ်မှုမီနူးသည်မတူညီသောဒေတာများ(သို့)မော်ဒယ်များအရကွဲပြားနိုင်သည်။သင်၏တကယ်တီဗွီကိုစံအဖြစ်ယူပါ။
- သင်၏ယူအက်စ်ဘီစက်ကိုဆွဲထုတ်လိုပါကကျေးဇူးပြု၍ယူအက်စ်ဘီမုဒ်ကို အရင်ထွက်ပါ။
- သင့်ယူအက်စ်ဘီစက်ကိုအသုံးပြုပုံလမ်းညွှန်ချက်များအတွက်သင့်ယူအက်စ်ဘီစက်၏ပိုင်ရှင်လမ်းညွှန်စာအုပ်ကိုကြည့်ပါ။
- ယူအက်စ်ဘီစက်ကိုသုံးနေစဉ်အတွင်းယူအက်စ်ဘီစက်ကိုဆွဲထုတ်ခြင်း၊တီဗွီကိုပိတ်ခြင်းမပြုပါနှင့်။ထိုသို့ပြုလုပ်ခြင်းဖြင့်ဒေတာဆုံးရှုံးခြင်းယူအက်စ်ဘီစက်(သို့)တီဗွီပျက်စီးခြင်းဖြစ်နိုင်ပါသည်။
- အချို့သောယူအက်စ်ဘီစက်များသည်တီဗွီနှင့်မကိုက်ညီပါ။

## မီဒီယာအသုံးပြုခြင်း




**မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။**

**အဆင့်၁ :** မီဒီယာရုပ်သံပြန်ဖွင့်နိုင်သောဆော့ဝဲ၏ကြားခံကိုဝင်ရန် **MEDIA PLAY--ER** ကိုနှိပ်ပါ။(သို့)ချိတ်ဆက်ထားသည့်စာရင်းတွင် **MEDIA** စက်ကိုရွေး၍ **OK** ခလုတ်ကိုနှိပ်ပါ။

**အဆင့်၂ :** မီဒီယာအမျိုးအစား "**Photo,Movie**(သို့)**Music**" ကိုရွေးချယ်ရန်နှင့်ဝင်ရောက်ရန် ◀ / ▶ နှင့် **OK** ခလုတ်များကိုနှိပ်ပါ။

**အဆင့်၃ :** အဆင့်၂တွင်ရွေးချယ်ခဲ့သော မီဒီယာဖိုင်အမျိုးအစားကိုရွေးချယ်ရန် ▲ / ▼ / ◀ / ▶ နှင့် **OK** ခလုတ်များကိုနှိပ်ပါ။

**အဆင့်၄ :** မီဒီယာဖိုင်ကိုစတင်ဖွင့်ရန် **OK** ခလုတ်ကိုနှိပ်ပါ။

**အဆင့်၅ :** ဖိုင်ဖွင့်ထားသည်ကိုထွက်ရန် **EXIT** ခလုတ်ကိုနှိပ်ပါ။

## ဓာတ်ပုံထိန်းချုပ်မီနူး

ဓာတ်ပုံများကိုအကြမ်းဖျင်းကြည့်စဉ် ဓာတ်ပုံထိန်းချုပ်မှုမီနူးကို ပြသရန် (သို့) ထွက်ရန် **INFO** အချက်အလက်ပြခလုတ်ကိုနှိပ်ပါ။အလိုရှိသောဖန်ရှင်၏ အိုင်ကွန်ကို ရွေးချယ်ရန် ◀ / ▶ ခလုတ်ကိုနှိပ်၍ ၎င်းကိုအသုံးပြုနိုင်ရန် **OK** ခလုတ်ကိုနှိပ်ပါ။

| | |
|---|---|
| ▶ or ❚❚ | ဖွင့်သည် / ခေတ္တရပ်သည် |
| ⏮ ⏭ | ယခင်ဓာတ်ပုံ / နောက်ဓာတ်ပုံကိုသွားသည်။ |
| ■ | စက်ဖွင့်ထားသည်ကိုရပ်သည်။ |
| (A) | မုဒ်ရွေးချယ်မှုကိုတစ်ဖန်ဖွင့်သည်။၎င်းအိုင်ကွန်ကိုမြင်သာအောင်ပြ၍ **Repeat1 ,Repeat All**(သို့)**Repeat NONE** ကိုရွေးရန် **OK** ကိုနှိပ်သည်။ |
| i | လက်ရှိဓာတ်ပုံအချက်အလက်ကိုပြသသည်။ |
| 90° 90° | ၎င်းခလုတ်ကိုနှိပ်သည့်အချိန်အတိုင်း ဓာတ်ပုံသည်နာရီလက်ဝဲ / လက်ယာဘက်သို့ ၉၀ ဒီဂရီလည်သည်။ |
| + - | ဓာတ်ပုံ၏အတွင်း(သို့) အပြင်သို့ ချုံ့ချဲ့သည်။ |
| ◀ ▲ ▶ ▼ | မြင်ကွင်းရွှေ့ခြင်း(ဘယ်၊ညာ၊အပေါ်၊အောက်)။ဓာတ်ပုံကိုပုံကြီးချဲ့ထားသည့်အခါတွင်သာမြင်ကွင်းရွှေ့ခြင်းကိုအသုံးပြုနိုင်သည်။ |

**မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။**

## ရုပ်ရှင်ထိန်းချုပ်မှုမီနူး

ရုပ်ရှင်ကြည့်သည့်အခါ ရုပ်ရှင်ထိန်းချုပ်မှုမီနူး မှပြသရန် (သို့)ထွက်ရန် **INFO** ခလုတ်ကိုနှိပ်ပါ။အလိုရှိသောဖန်ရှင်၏ အိုင်ကွန် ကိုရွေးရန် ◀ / ▶ ခလုတ်ကိုနှိပ်၍၎င်းကိုအသုံးပြုနိုင်ရန် **OK** ခလုတ်ကိုနှိပ်ပါ။

| | |
|---|---|
| ▶ or ❚❚ | ဖွင့်သည် /ခေတ္တရပ်သည်။ |
| ◀◀ ▶▶ | နောက်သို့ရစ်သည် /ရှေ့သို့ရစ်သည်။ |
| ⏮ ⏭ | ယခင်ရုပ်ရှင် /နောက်လာမည့်ရုပ်ရှင် ကိုသွားသည်။ |
| ■ | စက်ဖွင့်ထားသည်ကိုရပ်သည်။ |
| (A) | မုဒ်ရွေးချယ်မှုကိုတစ်ဖန်ဖွင့်သည်။ဤအိုင်ကွန်ကိုမြင်သာအောင်ပြ၍ **Repeat1 ,Repeat All**(သို့)**Repeat NONE**ကို ရွေးရန်**OK**ကိုနှိပ်သည်။ |
| i | လက်ရှိရုပ်ရှင်အချက်အလက်ကိုပြသသည်။ |
| | ထည့်သွင်းထားသောအချိန် မှကျော်လိုသောအချိန်ကိုထည့်သွင်းသည်။ |
| | ပုံပန်းသွင်ပြင်အချိုးအစားကိုချိန်ညှိသည်။ |

**မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။**

## သီချင်းထိန်းချုပ်မှုမီနူး

သီချင်းဖွင့်သည့်အခါ သီချင်းထိန်းချုပ်မှုမီနူးကိုပြသရန် (သို့)ထွက်ရန်**INFO**ခလုတ်ကိုနှိပ်ပါ။ အလိုရှိသောဖန်ရှင်၏အိုင်ကွန်ကိုရွေးရန် ◀ / ▶ ခလုတ်ကိုနှိပ်၍၄င်းကိုအသုံးပြုရန် **OK** ခလုတ်ကိုနှိပ်ပါ။

| | |
|---|---|
| ▶ or ❚❚ | ဖွင့်သည် /ခေတ္တရပ်သည်။ |
| ◀◀ ▶▶ | နောက်သို့ရစ်သည် /ရှေ့သို့ရစ်သည်။ |
| ⏮ ⏭ | ယခင်သီချင်း /နောက်လာမည့်သီချင်းကိုသွားသည်။ |
| ■ | စက်ဖွင့်ထားသည်ကိုရပ်သည်။ |
| (A) | မုဒ်ရွေးချယ်မှုကိုတစ်ဖန်ဖွင့်သည်။ဤအိုင်ကွန်ကိုမြင်သာအောင်ပြ၍ **Repeat1 ,Repeat All**(သို့)**Repeat NONE**ကို ရွေးရန်**OK**ကိုနှိပ်သည်။ |
| i | လက်ရှိသီချင်းအချက်အလက်ကိုပြသသည်။ |

**မှတ်ချက်။ ။ပုံများသည် ကိုးကားရန် အတွက်သာ ဖြစ်သည်။**

## မှတ်ချက်

၁. အောက်ဖော်ပြပါအခြေအနေများတွင်ဤစနစ်သည်ဖိုင်ကိုဝှက်စာမဖော်နိုင်၍ပုံမှန်အားဖြင့် ဖိုင်ကိုမဖွင့်နိုင်ပါ။

– ရုပ်ပုံ၏ အစက်အပြောက် ၊အသံနှင့်ဗွီဒီယိုဖိုင်၏ကုဒ်နှုန်း ၊အသံဖိုင်၏နမူနာနှုန်းကဲ့သို့ဖိုင်၏ သတ်မှတ်ချက်ဘောင်သည်စနစ်၏ကန့်သတ်ချက်ထက်ကျော်လွန်သည်။
– ဖိုင်ပုံစံ အချိုးအစားနှင့်ကိုက်ညီခြင်းမရှိပါက ဖိုင်ပျက်စီးနိုင်ပါသည်။
မှတ်ချက် ႏ ဤစနစ်ကပံ့ပိုးပေးသည့် ကုဒ်နှုန်းသည် ၂၀မီဂါဘစ်ပါစက္ကန့် ထက်မပိုပါ။

၂. ပူနေသောပလပ်ခေါင်းႏ စနစ်(သို့) စက်ပျက်စီးခြင်း ကိုကာကွယ်ရန် စနစ်ဖတ်ခြင်း ၊ဒေတာ ထုတ်လွှင့်ခြင်းပြုသည့်အခါ ပလပ်ခေါင်းကိုမဖြုတ်ပါနှင့်။

၃. မိုဘိုင်း **hard disk**သို့ဒစ်ဂျစ်တယ်ကင်မရာကိုအသုံးပြုသည့်အခါ စက်၏လျှပ်စစ်ပမာဏကိုသတိပြုပါ။အကယ်၍လျှပ်စစ်ပမာဏသည်လုံလောက်ခြင်း(သို့)တည်ငြိမ်ခြင်းမရှိပါက စက်အသုံးပြုနေစဉ်အတွင်းပြဿနာကြုံတွေ့ခြင်း(သို့) လုံးဝအသုံးမပြုနိုင်ခြင်း ဖြစ်နိုင်သည်။ ဤကဲ့သို့ အခြေအနေတွင်စက်ကိုပြန်လည်စတင်ခြင်း(သို့)စက်ကိုပလပ်ဖြုတ်၍နောက်တစ်ကြိမ်ပလပ်ပြန်ထိုးခြင်းပြုလုပ်၍ လျှပ်စစ်ပမာဏကိုပုံမှန်ဖြစ်အောင်ပြုလုပ်ပါ။

၄. စနစ်သည်စံချိန်မှီ**U-disk,MP3**ပလေယာများ၊မိုဘိုင်း **hard disk** ကဲ့သို့ ယူအက်စ်ဘီ ၁.၁ နှင့် ယူအက်စ်ဘီ ၂.၀ စံချိန်မှီကိရိယာများကိုထောက်ပံ့ပေးသည်။

၅. ပိုမိုကောင်းမွန်သောအသံနှင့်ဗွီဒီယိုအရည်အသွေးများရရှိနိုင်ရန်အတွက်ယူအက်စ်ဘီ ၂.၀စံ နှုန်းနှင့်ကိုက်ညီသောပြင်ပစက်ကိုအသုံးပြုပါ။

၆. အတိုချုံးမှုမြင့်သောအချိုးအစားနှင့်ဗွီဒီယိုကိုဖွင့်သည့်အခါပုံရိပ်ရပ်ခြင်းနှင့်မီနူးတုံ့ပြန်မှုကြာ ခြင်းကဲ့သို့သောဖြစ်ရပ်များသည်ပုံမှန်သာဖြစ်သည်။

၇. ပမာဏကြီးမားသော**hard disk**ကဲ့သို့ လျှပ်စစ်ပမာဏ ပါရှိသည့် ယူအက်စ်ဘီစက်အ တွက်လျှပ်စစ်ပမာဏပြတ်တောက်မှုမဖြစ်စေရန် လျှပ်စစ်နှင့်အသုံးပြုပါ။

၈. ရုပ်ပုံ အစက်အပြောက်များ၊ အသံနှင့် ဗွီဒီယို ဖိုင်၏ကုဒ်နှုန်း ၊အသံဖိုင်၏နမူနာ နှုန်းကဲ့သို့ဖိုင်၏ သတ်မှတ်ချက်ဘောင်သည်စနစ်၏ကန့်သတ်ချက်ထက် ကျော်လွန်နိုင်သောကြောင့် ဖိုင်သည် ပုံမှန်အားဖြင့်မဖွင့်ခြင်းရှိနိုင်ပါသည်။

# နည်းပညာဆိုင်ရာအချက်အလက်များ

## မီဒီယာရုပ်သံများကိုပြန်၍ဖွင့်နိုင်သောဆော့ဝဲလ်တွင်ပါဝင်သောဖိုင်ထဲတွင်ပုံစံ

### ဗွီဒီယို

| ပုံစံ | ဗွီဒီယိုဖိုင် Codec (ဖိုင်အမျိုးအစား) | ကြားဆက်ဖိုင်အမည် | နမူနာနှုန်းအက်စ်ပီအီးစီ | ဘစ်နှုန်း | ပရိုဖိုင် |
|---|---|---|---|---|---|
| MPG<br>MPEG | Mpeg1,Mpeg2 | .dat.mpg.mpeg | ၁၀၈၀ p@၃၀ဖရိမ်ပါစက္ကန့် | ၂၀မက်ဂါဘစ်ပါစက္ကန့် | အဓိကပရိုဖိုင် |
| MPEG2-PS | MPEG2 | .vob | ၁၀၈၀ p@၃၀ဖရိမ်ပါစက္ကန့် | ၂၀မက်ဂါဘစ်ပါစက္ကန့် | MPEG2:@HL |
| MP4 | Mpeg4 | .mp4 | ၁၀၈၀ p@၃၀ဖရိမ်ပါစက္ကန့် | ၂၀မက်ဂါဘစ်ပါစက္ကန့် | ရိုးရိုးပရိုဖိုင်နှင့်အဆင့်မြှင့်ရိုးရှင်းသောပရိုဖိုင်@Level5 |
| | H.264 | | | | အဓိကပရိုဖိုင်နှင့်အဆင့်မြင့်ပရိုဖိုင် @Level4.0 |
| | HEVC | | | ၃၀မက်ဂါဘစ်ပါစက္ကန့် | |
| | Motion JPEG | | ၆၈၀×၄၈၀@၃၀ဖရိမ်ပါစက္ကန့် | ၁၀မက်ဂါဘစ်ပါစက္ကန့် | |
| MKV | Mpeg1,2,4 | .mkv | ၁၀၈၀ p@၃၀ဖရိမ်ပါစက္ကန့် | ၂၀မက်ဂါဘစ်ပါစက္ကန့် | MPEG2:@HL<br>MPEG 4:ရိုးရိုးပရိုဖိုင်နှင့်အဆင့်မြှင့်ရိုးရှင်းသောပရိုဖိုင်@Level5 |
| | H.264 | | | | အဓိကပရိုဖိုင်နှင့်အဆင့်မြင့်ပရိုဖိုင် @Level4.0 |
| | HEVC | | | ၃၀မက်ဂါဘစ်ပါစက္ကန့် | |
| | Motion JPEG | | ၆၈၀×၄၈၀@၃၀ဖရိမ်ပါစက္ကန့် | ၁၀မက်ဂါဘစ်ပါစက္ကန့် | |
| AVI | Mpeg2,4 | .avi | ၁၀၈၀ p@၃၀ဖရိမ်ပါစက္ကန့် | ၂၀မက်ဂါဘစ်ပါစက္ကန့် | MPEG2:@HL<br>MPEG 4:ရိုးရိုးပရိုဖိုင်နှင့်အဆင့်မြှင့်ရိုးရှင်းသောပရိုဖိုင်@Level5 |
| | H.264 | | | | အဓိကပရိုဖိုင်နှင့်အဆင့်မြင့်ပရိုဖိုင် @Level4.0 |
| | Motion JPEG | | ၆၈၀×၄၈၀@၃၀ဖရိမ်ပါစက္ကန့် | ၁၀မက်ဂါဘစ်ပါစက္ကန့် | |

### အသံ

| အသံ Codec (ဖိုင်အမျိုးအစား) | ကြားဆက်ဖိုင်အမည် | ဘစ်နှုန်း |
|---|---|---|
| MPEG1Layer2 | .MP3 | ၃၂ကီလိုဘစ်ပါစက္ကန့်~၄၄၈ကီလိုဘစ်ပါစက္ကန့်(ဘစ်နှုန်း)<br>၃၂ကီလိုဟတ်စ်~၄၈ကီလိုဟတ်စ်(နမူနာနှုန်း) |
| MPEG1Layer3 | | ၃၂ကီလိုဘစ်ပါစက္ကန့်~၃၂၀ကီလိုဘစ်ပါစက္ကန့်(ဘစ်နှုန်း)<br>၃၂ကီလိုဟတ်စ်~၄၈ကီလိုဟတ်စ်(နမူနာနှုန်း) |
| AAC,HEAAC | .m4a.aac | ၂၄ကီလိုဘစ်ပါစက္ကန့်~၃၈၄ကီလိုဘစ်ပါစက္ကန့်(ဘစ်နှုန်း)<br>၈ကီလိုဟတ်စ်~၄၈ကီလိုဟတ်စ်(နမူနာနှုန်း) |
| LPCM | N/A<br>(work with video files only) | ဘစ်နှုန်း ：၆၄ကီလိုဘစ်ပါစက္ကန့်~၁.၅မက်ဂါဘစ်ပါစက္ကန့်<br>နမူနာနှုန်း ：၈ကီလိုဟတ်စ်~၄၈ကီလိုဟတ်စ် |
| IMA-ADPCM/MS-ADPCM | | ဘစ်နှုန်း ：၃၈၄ကီလိုဘစ်ပါစက္ကန့်<br>နမူနာနှုန်း ：၈ကီလိုဟတ်စ်~၄၈ကီလိုဟတ်စ် |
| AC3 | | ဘစ်နှုန်း ：၃၂ကီလိုဘစ်ပါစက္ကန့်~၆၄၀ကီလိုဘစ်ပါစက္ကန့်<br>နမူနာနှုန်း ：၃၂ကီလိုဟတ်စ်၊၄၄.၁ဟတ်စ်၊၄၈ကီလိုဟတ်စ် |
| EAC3 | | ဘစ်နှုန်း ：၃၂ကီလိုဘစ်ပါစက္ကန့်~၆မီဂါဘစ်ပါစက္ကန့်<br>နမူနာနှုန်း ：၃၂ကီလိုဟတ်စ်၊၄၄.၁ဟတ်စ်၊၄၈ကီလိုဟတ်စ် |

## ဓာတ်ပုံ

| ပုံစံ | ကြားဆက်ဖိုင်အမည် | ဓာတ်ပုံ | ပုံရိပ်ကြည်လင်ပြတ်သားမှု |
|---|---|---|---|
| JPEG | .jepg | လိုင်းကိုအခြေခံထား၍ရိုက်ကူးခြင်း | ၁၅၃၆၀×၈၆၄၀<br>(၁၉၂၀×၈ ၁၀၈၀×၈) |
| | | လိုင်းအစိပ်ဆုံးဖြင့်ရိုက်ကူးခြင်း | ၁၀၂၄×၇၆၈ |
| | .jepg | လိုင်းကိုအခြေခံထား၍ရိုက်ကူးခြင်း | ၁၅၃၆၀×၈၆၄၀<br>(၁၉၂၀×၈ ၁၀၈၀×၈) |
| | | လိုင်းအစိပ်ဆုံးဖြင့်ရိုက်ကူးခြင်း | ၁၀၂၄×၇၆၈ |
| PNG | .png | အစက်လိုင်းပါဝင်မှုအနည်းဆုံးဖြင့်ရိုက်ကူးခြင်း | ၉၆၀၀×၆၄၀၀ |
| | | အစက်လိုင်းပါဝင်မှုအများဆုံးဖြင့်ရိုက်ကူးခြင်း | ၁၂၀၀×၈၀၀ |
| BMP | .bmp | | ၉၆၀၀×၆၄၀၀ |

**မှတ်ချက်**

- အချို့သောဖိုင်များသည်၎င်းအခြေအနေများနှင့်ကိုက်ညီသော်လည်းပြန်လည်၍ပွင့်မည်မဟုတ်ပါ။
- အကယ်၍ဖိုင်(သို့)ဖိုဒါ(စာတွဲ) နာမည်များပြောင်းသွားလျှင်ကီရိယာသည်၎င်းတို့ဖွင့်တွင်အသုံးမပြုနိုင်ကြောင်းဖြစ်နိုင်ပါသည်။

## တီဗွီကိုပြုပြင်ထိန်းသိမ်းခြင်း

ရှေးဦးစွာလျှပ်စစ်ပလပ်ခေါင်းကိုပလပ်ခုံမှဖြုတ်ပါ။

**ပုံမှန်သန့်ရှင်းခြင်း**

စက်ပုံဖော်မျက်နှာပြင်၊တီဗွီစင်(သို့)စားပွဲတင်ဒေါက်၏မျက်နှာပြင်ပေါ်ရှိဖုန်များ(သို့)လက်ဗွေရာများကိုသန့်ရှင်းရန်နူးညံ့သောအဝတ်ကိုသုံး၍ဖြည်းညှင်းစွာသုတ်ပါ။

**ကပ်နေသောဖုန်များအတွက်**

မျက်နှာပြင်ပေါ်ရှိဖုန်များကိုရှေးဦးစွာ သန့်ရှင်းပါ။ နူးညံ့သောအဝတ်ကိုသန့်ရှင်းသောရေ(သို့)ဆပ်ပြာရည်ဖြင့်စိုစွတ်အောင်လုပ်ပါ။ (ဆပ်ပြာရည်၁စက် ရေ၁၀၀စက်)
အဝတ်ကိုရေညှစ်၍မျက်နှာပြင်ကိုသုတ်ပါ။
နောက်ဆုံးတွင်အစိုဓာတ်အားလုံးကိုသုတ်ပစ်ပါ။

**လျှပ်စစ်ပလပ်ခေါင်း**

လျှပ်စစ်ပလပ်ခေါင်းကိုခြောက်သွေ့သောအဝတ်ဖြင့်သုတ်ပါ။အစိုဓာတ်နှင့်ဖုန်မှုန့်များသည်မီးလောင်ခြင်း၊လျှပ်စစ်ရှော့ခ်များဖြစ်စေနိုင်ပါသည်။

**⚠ သတိပေးချက်**

တီဗွီမျက်နှာပြင်ကိုမာကျောသော အဝတ်ဖြင့်သုတ်ခြင်း ၊(သို့)အားပြင်းပြင်းဖြင့်ပွတ်ခြင်း မပြုပါနှင့်။သို့မဟုတ်ပါကမျက်နှာပြင်တွင် ခြစ်ရာများ ဖြစ်နိုင်ပါသည်။

- တီဗွီမျက်နှာပြင်ကိုရေ(သို့)ဆပ်ပြာရည်မဝင်ရန် သတိပြုပါ။တီဗွီအတွင်းရှိအရည်များသည်တီဗွီပျက်စီးစေနိုင်ပါသည်။
- တီဗွီမျက်နှာပြင်ကိုအင်းဆက်နှိမ်နင်းဆေး၊အရည်ပျော်ပစ္စည်း၊တင်နာ(သို့)အခြားအငွေ့ပြန်လွယ်သောအရာဝတ္ထုများမဝင်စေရန် သတိပြုပါ။ ၄င်းသည်မျက်နှာပြင်အရည်အသွေးကျခြင်း၊သုတ်ဆေးကွာကျခြင်းများဖြစ်စေနိုင်ပါသည်။
- စက်ပုံဖော်မျက်နှာပြင်သည်သေချာစွာကိုင်တွယ်ရမည်ဖြစ်ပြီးအလွယ်တကူပျက်စီးနိုင်သည်။လက်သည်း(သို့)အခြားမာကျောသောအရာဝတ္ထုများဖြင့်မျက်နှာပြင်ကိုထိခြင်း (သို့)ဖြစ်ခြင်းမပြုရန်သတိပြုပါ။
- တီဗွီစင်နှင့် စားပွဲတင်ဒေါက်ကိုရာဘာ (သို့)ပီဗွီစီ အရာဝတ္ထုဖြင့်အချိန်အတော်ကြာထိတွေ့ခြင်းမပြုပါနှင့်။မျက်နှာပြင်အရည်အသွေးကျနိုင်ပါသည်။

## ပြဿနာဖြေရှင်းခြင်း

သင်၏တီဗွီ တွင်ကြုံတွေ့ရသောပြဿနာအများစုသည်အောက်ပါပြဿနာရှာဖွေဖြေရှင်းသည့်စာရင်းများကိုအကြံဉာဏ်ရယူခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။

**ရုပ်ပုံမလာ၊ အသံမလာပါ။**

- ဖျူးစ်(သို့)ဆားကစ်ဘရိတ်ကာအလုပ်လုပ်ခြင်းရှိမရှိစစ်ဆေးပါ။
- အခြားလျှပ်စစ်ပစ္စည်းကိုပလပ်ခုံတွင်ပလပ်ထိုး၍အလုပ်လုပ်ခြင်း(သို့)စက်ဖွင့်ခြင်းရှိမရှိစစ်ဆေးပါ။
- ပါဝါပလပ်သည် ပလပ်ခုံနှင့်ကောင်းစွာ ချိတ်ဆက်ထားခြင်းမရှိပါ။
- ရုပ်သံထုတ်လွှင့်ချက် ထုတ်လွှင့်သည့်နေရာကိုစစ်ဆေးပါ။

**အရောင်မရှိပါ။**

- အရောင်အနုကိုချိန်ညှိပါ။

**အဝေးထိန်းခလုတ်အလုပ်မလုပ်ပါ။**

- ဘက်ထရီများကိုပြောင်းပါ။
- ဘက်ထရီများကိုမှန်ကန်စွာတပ်ဆင်ထားခြင်းမရှိပါ။
- ပင်မပါဝါကိုချိတ်ဆက်ထားခြင်းမရှိပါ။

**ရုပ်ပုံမလာ ၊အသံပုံမှန်လာသည်။**

- အလင်းရောင် ၊ အလင်းနှင့်အမှောင်ကိုချိန်ညှိပါ။

**ပုံမှန်ရုပ်ပုံ ၊ အသံမလာပါ။**

- အသံချဲ့ရန် “Vol+”ခလုတ်ကိုနှိပ်ပါ။
- အသံခလုတ်သည် အသံပိတ်ရန် ချိန်ညှိနိုင်သည်။အသံပြန်လာစေရန် အသံပိတ်သည့်ခလုတ်ကိုနှိပ်ပါ။

**ရေဒီယိုကြိမ်နှုန်းအနှောင့်အယှက်**

ဤအနှောင့်အယှက်သည်ရွေ့လျားနေသောလှိုင်းတွန့်များ(သို့)ထောင့်ဖြတ်အစင်းကြားများဖြစ်စေပြီးအချို့အခြေအနေများတွင်ပုံရိပ်၏အလင်းအမှောင်ကိုဆုံးရှုံးစေပါသည်။ရေဒီယိုအနှောင့်အယှက်ဖြစ်စေသည့်အရင်းအမြစ်ကိုရှာ၍ဖယ်ထုတ်ပါ။

## အသေးစိတ်အချက်အလက်များ

| | | |
|---|---|---|
| မော်ဒယ်နံပါတ် | | TH-32H410S |
| ရှိရမည့်လျှပ်စစ်ပမာဏ | | ၁၀၀–၂၄၀ဗို့ ~ ၅၀/၆၀ဟတ်စ် |
| လျှပ်စစ်သုံးစွဲမှု | လျှပ်စစ်ပမာဏ | ၆၀ဝပ် |
| | အသင့်အခြေအနေ | < ၀.၅ဝပ် |
| ပုံရိပ်ဖော်မျက်နှာပြင် | ကြည့်ရှုနိုင်သောမျက်နှာပြင်ဆိုဒ် | ၈၀စင်တီမီတာ |
| | ပုံရိပ်ကြည်လင်ပြတ်သားမှု | ၁၃၆၆×၇၆၈ |
| အတိုင်းအတာ (အလျား×အနံ×အမြင့်) | စားပွဲတင်ဒေါက်ပါတီဗွီ<br>တစ်ခုတည်းသာ | ၇၃၂×၁၇၈ ×၄၇၉ မီလီမီတာ<br>၇၃၂×၈၃ ×၄၃၉ မီလီမီတာ |
| အသားတင်အလေးချိန် | | ၃.၆ကီလိုဂရမ် (စားပွဲတင်ဒေါက်ပါ)<br>၃.၅ကီလိုဂရမ် (တီဗွီတစ်ခုသာ) |
| စုစုပေါင်းအလေးချိန် | | ၅.၁ကီလိုဂရမ် |
| အသံ | အသံထုတ်လုပ်သည့်ပမာဏ | ၈ဝပ် +၈ဝပ် |
| | စပီကာ | ၆ Ω |
| တီဗွီစနစ် | | DVB-T/T2 PAL-BG/DK/I |
| ချိတ်ဆက်မှုအပေါက်များ | အေဗွီအဝင် | အသံဘယ်/ညာ RCA ပင်အမျိုးအစား × ၂ခု |
| | | ဗွီဒီယို RCA ပင်အမျိုးအစား ×၁ခု |
| | အင်တာနာအဝင် | အင်တာနာကြားခံဆက်သည့်ကိရိယာ ×၁ခု |
| | အိတ်ချ်ဒီအမ်အိုင် | အိတ်ချ်ဒီအမ်အိုင်ကြားခံဆက်သည့်ကိရိယာ × ၂ခု |
| | ယူအက်စ်ဘီ | ယူအက်စ်ဘီ ၂.၀ အမျိုးအစားအကြားခံဆက်သည့်ကိရိယာ ×၁ခု ဒီစီ၅ဗို့၊အများဆုံး၅၀၀မီလီအမ်ပီယာ |
| | အစ်ဂျစ်တယ်အသံထွက်သည့်အပေါက် | လျှပ်ကာပစ္စည်းကောင်းမွန်စွာသုံးထားသောအင်တာနာကြိုး × ၁ခု |
| | လိုင်းအထွက် | ရိုးရိုးအသံထွက်ပေါက် ×၁ခု |

**မှတ်ချက်**

- ဒီဇိုင်းနှင့်အသေးစိတ် အချက်အလက်များသည်ကြော်ငြာထားခြင်းမရှိဘဲအပြောင်းအလဲဖြစ်နိုင်သည်။ပေးထားသောအလေးချိန်နှင့်အတိုင်းအတာပမာဏများသည်ပျမ်းမျှသာဖြစ်သည်။

**သုံးစွဲသူ၏မှတ်တမ်း**

ဤထုတ်ကုန်၏ မော်ဒယ်နံပါတ်နှင့် အမှတ်စဉ်နံပါတ်ကို ထုတ်ကုန်၏ အနောက်ဘက်ဘောင်တွင် တွေ့နိုင်သည်။ ဤအမှတ်စဉ်နံပါတ်ကို အောက်တွင် ပေးထားသော နေရာလွတ်တွင်မှတ်သားထားပြီး ဤစာအုပ်ကို သင်ဝယ်ယူသည့် ငွေလက်ခံဖြတ်ပိုင်းနှင့် အတူသိမ်းဆည်းထားပါ။ခိုးမှု (သို့) ဆုံးရှုံးမှုဖြစ်စဉ်နှင့် အာမခံ ဝန်ဆောင်မှု ရည်ရွယ်ချက်အတွက် သင်၏ဝယ်ယူခြင်းကို အမြဲမှတ်တမ်း အဖြစ်သိမ်းထားပါ။

**မော်ဒယ်နံပါတ်** **အမှတ်စဉ်နံပါတ်**

Panasonic Appliances Asia Pacific
Tower A, Level 13, Plaza 33, No.1, Jalan Kemajuan, Seksyen 13,
46200 Petaling Jaya, Selangor Darul Ehsan, Malaysia

JG